# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၈၆)


# တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် ဧပြီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ☀

☆ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး အုပ်ချုပ်ပုံ၊ ရွေးကောက်တင်မြှောက်ပုံခြင်းတူညီမှုမရှိကြဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ကိုးကွယ်မှု၊ ဖြစ်တည်မှုအနေအထားများနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးလေ့ရှိ

☆ တပ်မတော်အနေဖြင့် ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပုံဖော်ဆောင်ရွက်ပေးခဲ့၊ ဒီမိုကရေစီရင့်ကျက်မှု မရှိသေးသည့် နိုင်ငံတစ်ခုလည်းဖြစ်၊ ထို့ကြောင့် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့တို့က ၎င်းတို့လိုလားသည့် ဒီမိုကရေစီပုံစံအတိုင်းဖြစ်စေရန် ခေါင်းစဉ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်ကြိုးပမ်းလာသည်ကိုလည်း တွေ့ရှိခဲ့ရ




# ဗုဒ္ဓဘာသာနှင့် မြန်မာ

ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူစဉ်ကပင် ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု မြန်မာတို့ ယုံကြည်ကြသည်။ ရတနာပုရ စတုတ္ထမြို့တည် နန်းတည် ဘဝရှင်မင်းတရားကြီး လက်ထက် မင်းတိုင်ပင်အမတ်ကြီး မဟာမင်္ဂလသင်္ကြံ ပြုစုရေးသားခဲ့သည့် သာသနာလင်္ကာရစာတမ်းတွင် "အာဒိစ္စဝံသ မြန်မာ့ဦးစွန်းမင်းအဆက်ဆက် လက်နက်နိုင်ငံဖြစ်သော သုဝဏ္ဏဘူမိတိုင်း၌လည်း အသိတဉ္စနပေါက္ခရဝတီမြို့သား တပုဿ၊ ဘလ္လိကညီနောင်ကိုစွဲ၍ ဘုရားသခင်လက်ထက်တော်ကပင် သာသနာတော်မြတ် သက်ဆင်းစမူ၏။ အမြဲအစွဲ အပျံ့အနှံ့ကား မတည်မတွန်းလေ" ဟူ၍လည်းကောင်း၊ "ထိုမှတစ်ပါးလည်း ငါတို့ သုနာပရန္တတိုင်း၌ ဝါဏိဇ္ဇဂါမရွာသား စူဠပုဏ်၊ မဟာပုဏ် ညီနောင်နှစ်ပါးကို စွဲ၍ ဘုရားသခင် ထင်ရှားရှိတော်မူစဉ်ကပင် သာသနာတော်မြတ် သက်ဆင်းစမူ၏။ အမြဲအစွဲ အပျံ့အနှံ့ကား မတည်မတွန်းလေ" ဟူ၍လည်းကောင်း ရေးသားခဲ့ရာ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံအောက်ပိုင်း ယနေ့ခေတ် ရန်ကုန်သို့လည်းကောင်း၊ မြန်မာနိုင်ငံ အထက်ပိုင်း ယနေ့ခေတ် မကွေးတိုင်းဒေသကြီး အတွင်းသို့လည်းကောင်း စတင်ရောက်ရှိခဲ့ဖူးပြီး ခိုင်မာအားကောင်းမှု ရှိမလာသေးခဲ့ကြောင်း သိရှိနိုင်သည်။

ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာ ၂၃၅ နှစ် ရောက်သောအခါ ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်း လက်ထက်တွင် တတိယသင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်သောအခါ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ကို သုဝဏ္ဏဘုမ္မိတိုင်းသို့ စေလွှတ်ပြီးနောက် ရာမညဒေသတွင် သာသနာတော် စည်ပင်ထွန်းတောက်ခဲ့သည်။ သက္ကရာဇ် ၄၁၉ အနော်ရထာမင်းလက်ထက်တွင် ပိဋကတ်နှင့် တကွ ရဟန်းသံဃာကို ပုဂံသို့ ပင့်ဆောင်ခဲ့ပြီးနောက် မင်းအဆက်ဆက်က ထေရဝါဒဗုဒ္ဓသာသနာတော်ကို အားပေးခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်း၌ နေလို လလို ထွန်းလင်းတောက်ပခဲ့ရသည်။ မြန်မာတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများ၊ လူနေမှုစရိုက်များ၊ အတွေးအခေါ်များ စသည်ဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ဗုဒ္ဓဘာသာ၏ အဆုံးအမတို့ တစ်သားတည်း ဖြစ်တည်နေခဲ့သည်။

ဘုရား၊ တရား၊ သံဃာကို ရတနာသုံးပါးဟူ၍ ရိုသေမြတ်နိုးခဲ့ကြသည်။ မိဘနှင့် ဆရာတို့ကိုလည်း ရတနာသုံးပါးနှင့် တစ်ဂိုဏ်းတည်းထားကာ ဂါရဝတရား ထားခဲ့ကြသည်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဟူသော ဗုဒ္ဓဘာသာ၏ အနှစ်ချုပ်အဆုံးအမကို ဘဝတစ်သက်တာအတွက် လမ်းညွှန်ချက်အဖြစ် ခံယူကာ အတတ်နိုင်ဆုံး ကျင့်သုံးနေထိုင်ခဲ့ကြသည်။ သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးခြင်းတည်းဟူသော (မေတ္တာ)၊ အားနည်းနိမ့်ပါးသူအပေါ် ညှာတာထောက်ထားသည့် (ကရုဏာ)၊ အားကြီးမြင့်မားသူအပေါ် ထားရှိသည့် ဝမ်းမြောက်မှု(မုဒိတာ)၊ မိမိအပေါ် ချစ်ခြင်းမုန်းခြင်း မည်သို့ပြုမူသည်ဖြစ်စေ လျစ်လျူရှုသည့် (ဥပေက္ခာ)တို့ကို လောကကို စောင့်ရှောက်သည့် တရားတို့အဖြစ် ခံယူခဲ့ကြသည်။ သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ သူ့အိမ်ရာကို မပြစ်မှားခြင်း၊ သူတစ်ပါးကို မလိမ်လည် မလှည့်ဖြားခြင်း၊ မူးယစ်သေစာ မသောက်စားခြင်းတို့ကို အခြေခံကျင့်ဝတ်များအဖြစ် စောင့်ထိန်းကြသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် ကံ၏အကျိုးပေးတို့ကိုလည်း ယုံကြည်ကြသည်။ ဗုဒ္ဓဘာသာနှင့် မြန်မာ့လူ့အဖွဲ့အစည်းတို့၏ ဆက်စပ်ယှက်နွယ်မှုမှာ ပြော၍မကုန်၊ ရေး၍မဆုံးနိုင်အောင် များပြားသလောက် နက်ရှိုင်းလှသည်။

လူမှုကွန်ရက်တို့ကို သုံးစွဲလာသည့်ခေတ် ရောက်သောအခါ မြန်မာနိုင်ငံတွင် အများစုယုံကြည်ကိုးကွယ်မှုဖြစ်သည့် ဗုဒ္ဓဘာသာကို ညှိုးနွမ်းစေရန်၊ နိမ့်ကျသည့်အဖြစ်သို့ ရောက်စေရန်၊ အထင်အမြင်လွဲမှားစေရန် ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း စော်ကားပြုမူမှုများ ပြုလုပ်လာကြသည်ကို အံ့သြဖွယ်ရာ တွေ့ရသည်။ မိဘနှင့် ဆရာတို့ကိုလည်း အလွတ်မပေး။ အနန္တငါးပါးကို ပြစ်မှားခြင်းကပင်လျှင် သူ့ရဲကောင်းသဖွယ် ဩဘာပေးသူက ပေးကြသည်။ ဗုဒ္ဓဘာသာကို တိုက်ခိုက်ခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်းကို ဖျက်ဆီးခြင်းအမှုကို ပြုနေကြခြင်းပင် ဖြစ်သည်။

ကုသိုလ်ကံသည်လည်းကောင်း၊ အကုသိုလ်ကံသည်လည်းကောင်း အချိန်တန်လျှင် အကျိုးပေးတတ်စမြဲ။ ဘယ်သူမပြုမိမိမှု ကိုယ်ပြုသည့်ကံ ကိုယ့်ထံသို့သာ။ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အရှည်ခိုင်၍ တည်တံ့ပါစေကြောင်း။ မြန်မာ့လူ့အဖွဲ့အစည်းသည်လည်း အေးချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်းဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယိုလိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယို မဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၂-၄-၂၀၂၂)

## ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် တင်ပြသည့် ပုလဲအတွဲအားလုံး ရောင်းချခဲ့ရ



နေပြည်တော် ဧပြီ ၃

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၃၁၇ တွဲ တင်ပြခဲ့ရာ ပုလဲအတွဲအားလုံးကို မြန်မာငွေကျပ် ၁၄,၂၇,၆၂,၁၂၃ ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ယင်းပုလဲအတွဲ ၃၁၇ တွဲကို ရောင်းချပွဲ ဒုတိယနေ့တွင် အတွဲ ၂၁၂ တွဲ ရောင်းချခဲ့ရပြီး ရောင်းချပွဲ တတိယနေ့တွင် အတွဲ ၁၀၅ တွဲ ထပ်မံရောင်းချခဲ့ရခြင်းဖြစ်သည်။

ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များ လာရောက်၍ မဏိရတနာ ကျောက်စိမ်းခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းမှု၊ တင်ဒါပိတ်သိမ်းမှုနှင့် တင်ဒါဖွင့်ဖောက်စစ်ဆေး ရောင်းချပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

၂၀၂၂ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိပြီး ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၃

၂၀၂၂ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ (၃၀) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ် ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂) သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံထုတ် လူသုံးကုန်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။

သတင်းစဉ်

❋ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်ပွားနိုင်သော မဲစာရင်း ကြီးမားစွာ မှားယွင်းမှုများကို တာဝန်ရှိသူ အဖွဲ့အစည်းအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးစည်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဆန္ဒမဲများပေးခဲ့

ရွေးကောက်ပွဲမတိုင်ခင်တွင်လည်း တရားမျှတသည့် ဒီမိုကရေစီ ရွေးကောက်ပွဲ ဖြစ်စေရန်၊ ကိုယ်စားလှယ်များရွေးချယ်ရာ၌ တိုင်းပြည်နှင့် လူမျိုးအကျိုးသယ်ပိုးနိုင်မည့်သူ၊ စိတ်ရင်းစေတနာကောင်းထားနိုင်သူ၊ ဥပဒေကို သိရှိနားလည်ပြီး လိုက်နာနိုင်မည့်သူ၊ ဒေသအကျိုးကို ဖော်ဆောင်နိုင်မည့်သူများကို ရွေးချယ်မဲပေးကြရန် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် တိုက်တွန်းခဲ့ကြောင်း၊ မဲမပေးကြရန် No Vote လှုံ့ဆော်မှုများကို တွေ့ရှိလာရပြီး မဲမပေးပါက မိမိတို့၏အခွင့်အရေးများသာ ဆုံးရှုံးနိုင်မည်ဖြစ်သဖြင့် အားလုံးဆန္ဒမဲများပေးကြရန်နှင့် ဖြစ်သင့်သည်များကို တိုက်တွန်းပြောပြခဲ့ကြောင်း၊ မိမိတို့ဆန္ဒမဲပေးလိုက်သည့် ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးသို့ ရောက်ရှိလာမည်ဖြစ်ပြီး မိမိတို့ကိုယ်စား နိုင်ငံတော်ကို အုပ်ချုပ်ခေါင်းဆောင်မည့်သူများကို ရွေးချယ်ပေးကြရမည်ဖြစ်သဖြင့် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် မိမိတို့တပ်မတော်သားများအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များ၊ တပ်မတော်မှ စနစ်တကျ မဲပေးနိုင်အောင် ဆောင်ရွက်ပေးထားမှုများနှင့်အညီ တက်ကြွစွာပါဝင်၍ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်း မဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၀ ခုနှစ်တွင် တက်လာသည့်အစိုးရသည် အတိုင်းအတာတစ်ခုထိ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ၅ နှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့သည်ကို ဝေဖန်မှုများရှိခဲ့ကြောင်း၊ ထို့ပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလာရကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို သိရှိရကြောင်း။

မဲစာရင်းကွာဟမှု များစွာတွေ့ရှိ

သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်၌ COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရသော်လည်း မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်း ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းများကို ကွဲလွဲစွာဖြင့် အကြိမ်ကြိမ် ကြေညာခဲ့ကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာ တွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ်တွင် မဲမသမာမှုပေါင်း ၂ သောင်း ၉ ထောင်ကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော် ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြိုးစည်ကြိုးပမ်းလာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး အုပ်ချုပ်ပုံ၊ ရွေးကောက်တင်မြှောက်ပုံခြင်း တူညီမှုမရှိကြဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ကိုးကွယ်မှု၊ ဖြစ်တည်မှုအနေအထားများနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီ ရင့်ကျက်မှုမရှိသေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့တို့က ၎င်းတို့လိုလားသည့် ဒီမိုကရေစီပုံစံအတိုင်းဖြစ်စေရန် ခေါင်းစဉ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်ကြိုးပမ်းလာသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း။

ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို တာဝန်ယူခဲ့ရပြီး နောက်ပိုင်း ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှ စတင်၍ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဆူပူမှု၊ ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့်လုပ်ဆောင်မှု၊ ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ် အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများ၊ လုယက်ခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများစသည့်လက်နက်ကိုင် အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှု အခြေအနေများအလိုက် ပြဋ္ဌာန်းဥပဒေပါ အမိန့်ကရဏ်း ဖြိုခွဲနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတွင်ဖြစ်ပေါ်လျက်ရှိသည့် ဖြစ်စဉ်ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပါက များစွာသက်ညှာစွာ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေး အနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါကြောင့် ဖြစ်ပေါ်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကုစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏ တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အသေးစိတ်စစ်ဆေးလျက်ရှိ

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြို့နယ်တစ်မြို့နယ်ချင်းအလိုက် မဲစာရင်းများကို အသေးစိတ်စစ်ဆေးလျက်ရှိပြီး ယခင်တပ်မတော်က စစ်ဆေးတွေ့ရှိချက်များထက်ပင် မသင်္ကာဖွယ် မဲစာရင်းများ ပိုမိုများပြားနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ နောင်တစ်ချိန် ကျင်းပပြုလုပ်ပေးမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရန် အခြေခံအကျဆုံးဖြစ်သည့် သန်းခေါင်စာရင်းနှင့် နိုင်ငံသားမှတ်ပုံတင် မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။ စာမျက်နှာ ၄ သို့

**“ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်သွားမည်ဖြစ်၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏တာဝန်ကိုလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ”**

စာမျက်နှာ ၃ မှ

**ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စားသောက်ရေးတွင် အပိုငွေများကုန်ကျမှု မရှိစေရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး**

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊အတတ်ပညာနှင့်ပြည့်စုံသည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပြီး အခြေခံမှ အတန်းပညာ တတ်မြောက်ရန်ပင်ဖြစ်ကြောင်း၊ ကျောင်းများ တစ်နှစ်ပိတ်ထားရခြင်းကြောင့် နိုင်ငံတော်၊ မိဘနှင့် ကာယကံရှင် ကျောင်းသားကျောင်းသူများတွင် နစ်နာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် အခြေအနေပေးပါက မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို လုပ်သင့်လုပ်ထိုက်သည့် စည်းကမ်းချက်များနှင့် အညီ ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း။

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရသဖြင့် မိမိတို့၏ ကလေးငယ်များကို စာပေအသိပညာနှင့် ဗဟုသုတရစေရန် ယဉ်ကျေးလိမ္မာနှင့် အခြားသုတရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာစေရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စာဖတ်ကြရန်လိုကြောင်း၊ တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာပြီး ပြည်သူနှင့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အမြဲဖော်ဆောင်ပေးရမည်ဖြစ်ပြီး ပြည်သူက အားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

> ☆ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရသဖြင့် မိမိတို့၏ ကလေးငယ်များကို စာပေအသိပညာနှင့် ဗဟုသုတရစေရန် ယဉ်ကျေးလိမ္မာနှင့် အခြားသုတရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာစေရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စာဖတ်ကြရန်လို၊
>
> ☆ တပ်မတော်သည် ပြည်သူကပေါက်ဖွားလာပြီး ပြည်သူနှင့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို အမြဲဖော်ဆောင်ပေးရမည်ဖြစ်ပြီး ပြည်သူက အားကိုးရသည့် တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်

တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် အဖွဲ့လိုက် စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့၏ မူလရည်မှန်းချက်တာဝန်သည် နိုင်ငံတော်ကာကွယ်ရန် ဖြစ်သည့်အတွက် တစ်ဦးချင်း အသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားလုပ်ဆောင်ကာ တပ်မတော်၊ တိုင်းပြည်နှင့်လူမျိုး၏ ဂုဏ်ကိုမြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် တပ်မတော်စက်ရုံထုတ် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိဌာနများနှင့် ဆိပ်ကမ်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၂ ရက်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆူးလေဆိပ်ကမ်း၊ အေးရှားဝေါ်လ် ဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ အရာထမ်း၊ အမှုထမ်းများဖြင့် တွေ့ဆုံရာ ဌာနအကြီးအကဲများက ဌာန၏ သမိုင်းအကျဉ်း၊ ဖွဲ့စည်းမှု၊ မူဝါဒမျှော်မှန်းချက်နှင့် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းခန့်ထားမှုများ၊ ဝင်ငွေအသုံးစရိတ်များ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားမှုများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဌာနများမှ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ (အပေါ်ယာပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မဲစာရင်းရှုပ်ထွေးမှု ကွာဟမှုများကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီစနစ်ရေးစဉ်လမ်းတွင် ဖြစ်ပေါ်လာမည့် အခက်အခဲများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို




ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ထုတ်ပြန်၍ နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အရေးပေါ်ကာလတွင် မသမာသူများ အနေဖြင့် ဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်မှုများ၊ ဖျက်ဆီးမှုများ၊ မီးရှို့ဖျက်ဆီးမှုများ၊ လူသတ်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်စီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဆူပူဆန္ဒပြမှုများတွင် အချို့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ CDM လှုပ်ရှားမှုများတွင် ဝန်ထမ်းအချို့ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင် နေထိုင်၍ အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ CDM နှင့် ပတ်သက်၍ ဦးဆောင်ခဲ့သူများအနေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေနှင့်အညီ အရေးယူရမည်ဖြစ်ကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးမည်**

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မရ၍ ခွင့်မဲ့ပျက်ကွက်နေသော ဝန်ထမ်းများကို ဌာနတာဝန်ရှိသူများအနေဖြင့် ဌာနအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးကြီးမားသည့် Asset များအဖြစ်သတ်မှတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လျော့ပါး ဆုံးရှုံးမှုမရှိစေရေးအတွက် စည်းရုံးဆွဲဆောင်၍ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်စေရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် မိမိဌာန၏ လုပ်ငန်းများကို ရပ်တန့်မှုမဖြစ်စေရေး ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်လက်အောက်ရှိ ဆူးလေဆိပ်ကမ်း၊ မြန်မာ့စက်မှု ဆိပ်ကမ်းနှင့် အေးရှားဝေါ်လ်ဆိပ်ကမ်းသို့ ရောက်ရှိပြီး ဆိပ်ကမ်းအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်လို

မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းလေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည် ကောင်းမွန်မှသာလျှင် Team work ရရှိပြီး အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့ တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာမွှောရုံနှင့် ပရဟိတကျောင်းတို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းများကို ကြည့်ရှုအားပေးပြီး သင်တန်းသူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် အေးချမ်းသာ စံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခြေခံအဆောက်အအုံလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုအဆောက်အအုံများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ဝင်ငွေတိုးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်မည့် အစီအမံများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေ စီးပွားရေး သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး(ယာပုံ)ဒုတိယဝန်ကြီးက သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ ထိန်းကျောင်းတည့်မတ်ခြင်းနှင့် သမဝါယမပညာပေးလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုဆိုင်ရာ သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး လုပ်ငန်းများကို ဆက်စပ်ဌာနများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အတွေးသစ် အမြင်သစ်များဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းအနေဖြင့် အသင်းသားပိုင် စိုက်ပျိုးမြေဧက ၁၇၀ တွင် ဂေါ်ဖီ၊ ပြောင်းဖူး၊ ပန်းမုန်လာ၊ မုန်လာဥ၊ ငရုတ်၊ ခရမ်းသီးတို့ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး China EXIM Bank ပံ့ပိုးချေးငွေဖြင့် အသင်းသားများအတွက် စိုက်ပျိုးစရိတ်ကို အတိုးနှုန်းချိုသာစွာ ထုတ်ပေးထားရှိကြောင်း၊ အသင်းသားတစ်ဦးချင်းက မိမိတို့အစီအစဉ်ဖြင့် ဒေသခံ သီးနှံပွဲစားများမှတစ်ဆင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချနေကြရမှုအပေါ် ဝန်ကြီးဌာနအနေဖြင့် ပိုမိုကောင်းမွန်သော အစီအမံများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၃
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟဲ့ဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်း တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုး အကြော ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့သို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ကျော့ဖုံးမှ*

အဆိုပါ တံတားပြီးစီးသွားပြီဖြစ်၍ ခရီးသည်နှင့် ကုန်စည်များကို မန္တလေးမှမြစ်ကြီးနားသို့ လည်းကောင်း၊ မြစ်ကြီးနားမှ မန္တလေးသို့လည်းကောင်း သွားလာပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျော့ဖုံးမှ*

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မြန်မာ့ဂုဏ်ဆောင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်



အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ တက်ရောက်သင်ကြားနေသော သံဃာတော်များ။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားသည့် နိုင်ငံဖြစ်သည်။ အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် နိုင်ငံများအကြားတွင် ဦးဆောင်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓဘာသာရောက်ရှိခြင်းသည် ရွှေတိဂုံစေတီတော်သမိုင်းနှင့် ဆက်စပ်နေပေသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့က မြတ်စွာဘုရား၏ ဆံတော်များကို မြန်မာနိုင်ငံသို့ ပင့်ဆောင်၍ ၎င်းတို့ကို ရွှေတိဂုံစေတီတော်ကြီးတွင် ဌာပနာပြီး တည်ထားကိုးကွယ်သည့်အချိန်မှ စခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓဘာသာသာသနာတော် အကြိမ်ကြိမ်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံတော်သည် ခေတ်အဆက်ဆက်မှ ယနေ့အချိန်အထိ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ဗွယ်တော်မြတ်စေတီတော်အနီး၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တစ်ခု တည်ထောင်နိုင်ရေးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စိတ်ကူးကြံစည်မိခဲ့သည်။ ထေရဝါဒ ပိဋကတ်ကျမ်းစာများ လေ့လာရန်နှင့် ဝိပဿနာတရားအားထုတ်ရန် မြန်မာနိုင်ငံသို့ လာရောက်ကြသော နိုင်ငံခြားသားများအနေဖြင့် တွေ့ကြုံရသော အခက်အခဲများအနက် ဘာသာစကားအခက်အခဲသည် ကြီးမားသော အတားအဆီးတစ်ခုပင်ဖြစ်ကြောင်း သတိပြုမိသည်။ ထို့ကြောင့် ထိုနိုင်ငံခြားသားများ တွေ့ကြုံရသော အခက်အခဲကို ပြေလည်စေရန်နှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာပေါ်တွင် ပျံ့နှံ့ထွန်းကားစေရန် ရည်ရွယ်မှန်းဆပြီး ထေရဝါဒ ဗုဒ္ဓဓမ္မကို စာတွေ့လက်တွေ့ နက်နက်နဲနဲ လေ့လာလိုသူများအတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးကို တည်ထောင်ရန် ဆန္ဒဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ဆန္ဒသည် လက်ရှိမြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အခြေအနေများနှင့် ကိုက်ညီလျက်ရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ရပေသည်-

(က) မြန်မာနိုင်ငံသည် သင်္ဂါယနာ ခြောက်တန်တင်၍ သန့်စင်ထားသော ဗုဒ္ဓ၏အဆုံးအမ သာသနာတော်ကို မူရင်းအတိုင်း ထိန်းသိမ်းစောင့်ရှောက်နေသည့် ထေရဝါဒဗုဒ္ဓဘာသာ ဦးဆောင်နိုင်ငံဖြစ်ခြင်း၊

(ခ) မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံ ကျွမ်းကျင်တော်မူကြသော ဆရာတော် သံဃာတော်များနှင့် ပညာရှင်များရှိခြင်း(မြန်မာနိုင်ငံတွင် သံဃာတော် လေးသိန်းကျော်ရှိပြီး ထေရဝါဒပိဋကတ်တော်များကို လေ့လာသင်ကြား ပို့ချပေးနေသော ဘုန်းကြီးကျောင်းပေါင်း ၂၀၀၀ ကျော်နှင့် တရားရိပ်သာ ၆၀၀ ကျော်ရှိခြင်း)၊

(ဂ) ပိဋကတ်သုံးပုံကို သင်ကြားပို့ချတော်မူနေကြသော ကျမ်းဂန်တတ်ဆရာတော် အပါး ၆၀၀၀ ကျော်နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် အပါး ၁၀၀၀ ကျော်ရှိခြင်း။

သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်ရန် စီစဉ်ဆောင်ရွက်ချက်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြိုဆိုလက်ခံခဲ့ကြသည်။ ပထမဦးစွာ တက္ကသိုလ်တည်ဆောက်ရန်အတွက် ၆၇ ဒသမ ၈၇၀ ဧကကျယ်ဝန်းသော မွေပါလကုန်းမြေကို ရွေးချယ်ခဲ့ပေသည်။

ထို့နောက် သင်္ဂါယနာ ခြောက်တန်တင်ထားသော ထေရဝါဒဓမ္မကို ကမ္ဘာအနှံ့ပျံ့နှံ့စေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို အောက်ပါ ရည်ရွယ်ချက်ရှစ်ရပ်ချမှတ်၍ တည်ထောင်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်-

(က) ထေရဝါဒဗုဒ္ဓသာသနာတော်ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊

(ခ) သင်္ဂါယနာခြောက်တန်တင် ထေရဝါဒ ပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊

(ဂ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်မှုများကို သိရှိပြည့်ဆည်း ကျင့်သုံးနိုင်စေရန်၊

(ဃ) ကမ္ဘာတစ်ဝန်းလုံး ဖြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊

(င) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာအကျင့်သီလနှင့် ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊

(စ) ထေရဝါဒ ပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်း/ပြည်ပ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဆ) ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ပြည်တွင်း/ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် အခြား တက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ဇ) ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားရေးအတွက် နိုင်ငံတကာသို့ သာသနာပြု စေလွှတ်နိုင်ရန်။

အထက်ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အောက်ပါ အခြေခံမူများကိုလည်း ချမှတ်ခဲ့သည်-

(က) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များသည် သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာကျမ်းများတည်းဟူသော ပရိယတ္တိသာသနာတော်လာ ဓမ္မဝိနယနှင့်အညီသာ ဖြစ်ရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် သင်တန်းသားများအား သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒ ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ၏ မူရင်းကို ဖတ်ရှုနားလည်နိုင်သည်အထိ အဆင့်ဆင့် တိုးမြှင့်သင်ကြားပေးရမည်။

(ဂ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ရမည်။

(ဃ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကို မဏ္ဍိုင်ပြု၍ ကောလိပ်၊ သိပ္ပံ၊ သင်တန်းကျောင်းနှင့် ကမ္မဋ္ဌာန်းတရားစခန်း စသည်တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်ရမည်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့်လျော်ညီစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်အတွက် တက္ကသိုလ်ဥပဒေနှင့် စည်းမျဉ်းများရေးဆွဲသည့်အပြင် နာယကဆရာတော်ကြီးများအဖွဲ့၊ တက္ကသိုလ်သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့၊ တက္ကသိုလ်ဖွဲ့စည်းပုံ ရေးဆွဲရေးအဖွဲ့များ ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် စီမံခန့်ခွဲရေးဆောင်၊ ဆရာတော်ကြီးများ သီတင်းသုံးရန် သံဃာဆောင်၊ စာသင်ဆောင်များ၊ သင်တန်းသားအဆောင်များ စသည့် အဆောက်အအုံများ ဆောက်လုပ်သည်။ သံဃာတော်များ ဥပုသ်ပြုရန်နှင့် ရဟန်းပြုလိုသော သင်တန်းသားများ ကံဆောင်ရန်အတွက် ထေရဝါဒ ပသာရဏီ သိမ်တော်ကြီးကိုလည်း နိုင်ငံတော်က ဆောက်လုပ်လှူဒါန်းထားသည်။ ထေရဝါဒ ဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့အောင် ဆောင်ရွက်ရာတွင် ရန်ကုန်နှင့် မန္တလေးမြို့များရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်က ပြည်တွင်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှာ ပြည်ပသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြစ်ပေသည်။ ဤတက္ကသိုလ်မှ ဒီပလိုမာ၊ ဘွဲ့နှင့် ဘွဲ့လွန်ဒီဂရီများ ရရှိကြသော ပြည်တွင်းပြည်ပ သင်တန်းသားများသည် ပြည်ပနိုင်ငံများတွင် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓဓမ္မကို ဖြန့်ဖြူးခြင်းဖြင့် သာသနာပြုနိုင်ကြမည်ဖြစ်သည်။ ပြည်တွင်းသင်တန်းသားများသည် ဗုဒ္ဓဓမ္မကိုလေ့လာရန် မြန်မာနိုင်ငံသို့ လာရောက်ကြသော နိုင်ငံခြားသားများအားလည်း ထေရဝါဒ ဗုဒ္ဓဓမ္မ စစ်စစ်ကို ရှင်းလင်းပြောပြ သာသနာပြုနိုင်ကြမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် ထေရဝါဒ ပိဋကတ်တော်များကို သင်ကြားပို့ချရန် မဟာဌာနလေးခု ဖွဲ့စည်းထားရှိပြီး မဟာဌာနများကို အောက်ပါအတိုင်း ဘာသာရပ်ဆိုင်ရာဌာနများဖြင့် ဖွဲ့စည်းထားသည်-

(က) ပရိယတ္တိမဟာဌာန
- (၁) ဝိနည်းဌာန
- (၂) သုတ္တန်ဌာန
- (၃) အဘိဓမ္မာဌာန
- (၄) ဗုဒ္ဓယဉ်ကျေးမှုနှင့် သမိုင်းဌာန
- (၅) ပါဠိဌာန
- (၆) မြန်မာစာဌာန

(ခ) ပဋိပတ္တိမဟာဌာန
- (၁) ဓမ္မာနုလောမဌာန
- (၂) သမထဌာန
- (၃) ဝိပဿနာဌာန

(ဂ) ကိုးကွယ်မှုဘာသာရေးနှင့် သာသနာပြု မဟာဌာန
- (၁)ဘာသာကြီးများ နှိုင်းယှဉ်လေ့လာချက်
- (၂)သာသနာပြုနည်းလုပ်ငန်းဌာန
- (၃) သုတေသနပြုနည်းဌာန

(ဃ) နိုင်ငံခြားဘာသာများသင်ကြားရေးနှင့် ဘာသာပြန် မဟာဌာန

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

(၁) အင်္ဂလိပ်ဘာသာဌာန
(၂) ပြင်သစ်ဘာသာဌာန
(၃) ဂျာမန်ဘာသာဌာန
(၄) အာရဗီဘာသာဌာန
(၅) ဂျပန်ဘာသာဌာန
(၆) တရုတ်ဘာသာဌာန
(၇) ဟိန္ဒီဘာသာဌာန

သင်တန်းကာလများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(၁) တစ်နှစ် ဒီပလိုမာသင်တန်း**
ဗုဒ္ဓဓမ္မဒီပလိုမာ၊ Dip(B.Dh.)

**(၂) နှစ်နှစ် ဝိဇ္ဇာဘွဲ့သင်တန်း**
ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့၊ B.A.(B.Dh.)

**(၃) သုံးနှစ် မဟာဝိဇ္ဇာဘွဲ့သင်တန်း**
မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့၊ M.A.(B.Dh.)

**(၄) လေးနှစ် ပါရဂူဘွဲ့သင်တန်း**
ပါရဂူ(ဗုဒ္ဓဓမ္မ)ဘွဲ့၊ Ph.D.(B.Dh.)

ပညာသင်နှစ် တစ်နှစ်တွင် နှစ်ပိုင်းပါဝင်ပြီး ပညာသင်နှစ် ပထမပိုင်းသည် ဇွန်လမှ အောက်တိုဘာလအထိဖြစ်ကာ နိုဝင်ဘာလတွင် ကျောင်းပိတ်သည်။ ပညာသင်နှစ် ဒုတိယပိုင်းသည် ဒီဇင်ဘာလမှ မတ်လအထိဖြစ်ပြီး ဧပြီလနှင့် မေလတို့ကို ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။

လူမျိုးဘာသာမရွေး၊ ကျား၊မ မရွေး စိတ်ပါဝင်စားသူ ရဟန်းရှင်လူ၊ သီလရှင်တို့သည် သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် ပြည့်စုံပါက ဤတက္ကသိုလ်သို့ ဝင်ခွင့် လျှောက်ထားနိုင်သည်။ လျှောက်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) နိုင်ငံခြားသား ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များသည် တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းနှင့် အဆင့်တူစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။ မြန်မာနိုင်ငံသား သီလရှင်၊ လူပုဂ္ဂိုလ်များသည် တက္ကသိုလ်မှ ဝိဇ္ဇာ(သို့မဟုတ်) သိပ္ပံဘွဲ့တစ်ခုခု ရရှိရမည်။ မြန်မာနိုင်ငံသား ရဟန်းတော်များသည် ဓမ္မာစရိယဘွဲ့ ရရှိရမည်။

(ခ) လျှောက်ထားသူများသည် ဤတက္ကသိုလ်မှ ကျင်းပသော ဝင်ခွင့်စာမေးပွဲကို မပျက်မကွက် ဖြေဆိုရမည်။ (ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံ၌ ဤတက္ကသိုလ်တွင်လည်းကောင်း၊ ပြည်ပ၌ မြန်မာသံရုံးများတွင်လည်းကောင်း ဖြေဆိုနိုင်သည်။)

(ဂ) လျှောက်ထားသူများသည် ထေရဝါဒ ဗုဒ္ဓဘာသာ စာပေဗဟုသုတ အထိုက်အလျောက်ရှိပြီး အင်္ဂလိပ်ဘာသာစကား အရေးအပြော ကျွမ်းကျင်သင့်သည်။

ဝင်ခွင့်စာမေးပွဲအောင်မြင်၍ ရွေးချယ်ခြင်းခံရသူများသည် တက္ကသိုလ်ဝင်ခွင့် ရရှိမည်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်ရသော ပြည်ပနိုင်ငံများမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များသည် ကျောင်းသို့လာရောက် စာရင်းသွင်း အပ်နှံပြီးပါက နေထိုင်စားသောက်ရေးကို တက္ကသိုလ်က တာဝန်ယူထားသည်။ ထို့ပြင် ပြည်တွင်းပြည်ပ သင်တန်းသားများအားလုံးအတွက် လိုအပ်သော ပြဋ္ဌာန်းစာအုပ်များ၊ သင်ခန်းစာ မှတ်စုများကို အခမဲ့ ဝေငှလှူဒါန်းသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် သင်ကြားရေးတာဝန် ထမ်းဆောင်နေကြသူများမှာ နိုင်ငံခြားမှ ပါရဂူဘွဲ့နှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအပြင် လူပုဂ္ဂိုလ် ဆရာ၊ ဆရာမကြီးများ ပါဝင်သည်။ အဆိုပါ ဆရာတော်ကြီးများနှင့် ဆရာ၊ ဆရာမကြီးများသည် ပိဋကတ်စာပေ၊ ပါဠိစာပေ၊ မြန်မာစာပေနှင့် နိုင်ငံခြားဘာသာစကားတို့ကို ကျွမ်းကျင်တတ်မြောက်ပြီး သင်ကြားရေးအတွေ့အကြုံ ရင့်ကျက်သူများဖြစ်ကြသည်။ ဤတက္ကသိုလ်တွင် ပိဋကတ်ကျမ်းစာများကို အင်္ဂလိပ်ဘာသာစကားဖြင့် ပို့ချသည်။

သင်ကြားသည့် ဘာသာရပ်များအနေဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ စာပေများသာမက ဒီပလိုမာသင်တန်းနှင့် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ သင်တန်းများတွင် ပြည်တွင်းမှ သင်တန်းသားများသည် အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ယူကြရပြီး ပြည်ပသင်တန်းသားများသည် မြန်မာစာကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ယူကြရသည်။ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ သင်တန်းများတွင် ပြည်တွင်းပြည်ပ သင်တန်းသားများအားလုံးသည် ပြင်သစ်၊ ဂျာမန်၊ ဂျပန် စသည့် ဘာသာရပ်တစ်ခုခုကို သင်ယူကြရသည်။ သက္ကတ(Sanskrit) ဘာသာရပ်ကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်သည် ထေရဝါဒ ပိဋကတ်ကျမ်းစာများကို စာတွေ့သင်ယူလေ့လာရန် ဌာနကြီးတစ်ခုဖြစ်သည်သာမက ဗုဒ္ဓနည်းကျ ဝိပဿနာတရားများကို လက်တွေ့ လေ့လာသင်ယူရန် ဌာနကြီးတစ်ခုလည်း ဖြစ်သည်။ ပြည်တွင်း ပြည်ပ သင်တန်းသားများသည် ရက်သတ္တပတ်လျှင် နှစ်နာရီမျှ ဘာဝနာ မဟာသဘာခန်းမကြီးတွင် လက်တွေ့ ဝိပဿနာတရားများကို စုပေါင်းအားထုတ်ကြရသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ထင်ရှားသော ဆရာတော်ကြီးများ၏ ဝိပဿနာတရား ရှုမှတ်ပွားများနည်းများကိုလည်း သိရှိအားထုတ်နိုင်ရန် သင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ဒေသအဖြစ် ပြည်ပသင်တန်းသားများအားလုံးကို ရန်ကုန်မြို့ပေါ်ရှိ တရားရိပ်သာများသို့ အပတ်စဉ် လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသည်။ အထူးသဖြင့် ကျောင်းပိတ်ရက်များအတွင်း မိမိနေရပ်သို့မပြန်ဘဲ မြန်မာနိုင်ငံတွင်နေထိုင်၍ ဝိပဿနာတရား အားထုတ်လိုကြသော ပြည်ပသင်တန်းသားများအား မြန်မာနိုင်ငံအတွင်းရှိ တရားရိပ်သာများတွင် တရားအားထုတ်နိုင်ရန် စီစဉ်ပေးသည်။

သင်တန်းသားများ လေ့လာဖတ်ရှုနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် စာကြည့်တိုက်တွင် လန်ဒန်ပါဠိစာပေအသင်း(Pali Text Society, London)မှ စာအုပ်တွဲများ၊ နိုင်ငံတကာ ဗုဒ္ဓဘာသာစွယ်စုံကျမ်း အတွဲပေါင်း (၇၅)တွဲ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ စွယ်စုံကျမ်းများအပြင် ကျော်ကြားသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ရေးသားပြုစုသော နောက်ဆုံးပေါ် ဗုဒ္ဓဘာသာစာပေများ အပါအဝင် စာအုပ်ပေါင်း ၂၅၆၇၀ ရှိသည်။

ဤတက္ကသိုလ်စာကြည့်တိုက်တွင် ပညာပါရမီအဖြစ် အလှူရှင်များက လှူဒါန်းထားသော ပါဠိကျမ်းစာအုပ်များ၊ ရှားပါးစာအုပ်များဖြစ်သည့် မြန်မာ့ကျမ်းစာအုပ်ပေါင်း ၉၆၀၅ အုပ်နှင့် အင်္ဂလိပ်ကျမ်းစာအုပ်ပေါင်း ၂၁၆၅၅ အုပ် စုစုပေါင်း စာအုပ် ၃၁၂၆၀ ကို သင်တန်းသူသင်တန်းသားများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ထားသည်။ စာအုပ်များတွင် ရှားပါးစာအုပ် ၁၆၀၀ ခန့် ရှိသည်။

ထို့ပြင် အင်္ဂလိပ်ဘာသာ၊ မြန်မာနှင့် ပါဠိဘာသာ၊ အခြားဘာသာများကို လေ့လာနိုင်ရန် ရည်ညွှန်းခန်းများ(Reference Rooms)၊ တရားတိပ်ခွေနာယူခန်း(Audio Room)စသည်တို့ကိုလည်း စီစဉ် ဆောင်ရွက်ပေးထားသည်။

စာကြည့်တိုက်ကို Electronic Library အဖြစ် စီစဉ်ထားရှိလျက် Catalogue များကို ကွန်ပျူတာ သွင်းထားပြီး သင်တန်းသူ သင်တန်းသားများ လွယ်ကူစွာ ရှာဖွေငှားရမ်း လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ထားသည်။

သင်ထောက်ကူပစ္စည်းများအနေဖြင့် အင်တာနက်အသုံးပြု၍ တရားဓမ္မစာပေများ လေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ Audio, Video, Screen System စနစ်ဖြင့် လေ့လာသင်ယူနိုင်ရန် စီစဉ်ပေးခြင်း စသည်တို့ကို အဆင်ပြေအောင် ဆောင်ရွက်ထားရှိသည်။

ထို့ပြင် သင်ကြားရေးဝန်ထမ်း ဆရာ ဆရာမများနှင့် ကျောင်းသားများအားလုံးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စာကြည့်တိုက်တွင်လည်း သွားရောက်လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ထားသည်။ ၎င်းစာကြည့်တိုက်သည် ကမ္ဘာအေးဘုရားဝင်းအတွင်း၌ရှိပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နယ်မြေနှင့်လည်း နီးကပ်စွာတည်ရှိသည်။

၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် တစ်နှစ် ဒီပလိုမာသင်တန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ နှစ်နှစ် ဘွဲ့သင်တန်းများကို နောက်နှစ်များတွင် ဆက်လက်ဖွင့်လှစ်ခဲ့သည်။

ယနေ့အထိ ဒီပလိုမာ သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနား အကြိမ် ၂၀ နှင့် ဝိဇ္ဇာဘွဲ့နှင်းသဘင် အခမ်းအနား ၁၈ ကြိမ်ကို ကျင်းပပြီးစီးခဲ့သည်။ ဒီပလိုမာသင်တန်းဆင်း လက်မှတ်များကို နိုင်ငံခြားသား ၅၅၇ ဦးနှင့် ပြည်တွင်းကျောင်းသား ၅၇၁ ဦးတို့အား ပေးအပ်ခဲ့သည်။ နိုင်ငံအသီးသီးမှ နိုင်ငံခြားသား ကျောင်းသား ၃၄၆ ဦးနှင့် ပြည်တွင်းကျောင်းသား ၄၀၀ တို့အား ဝိဇ္ဇာဘွဲ့ ပေးအပ်နိုင်ခဲ့သည်။

မဟာဝိဇ္ဇာဘွဲ့ သင်တန်းကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ၂၀၀၂ ခုနှစ် ဇွန်လမှ စတင်ဖွင့်လှစ်ခဲ့သည်။ ရဟန်းတော် ၈၇ ပါးနှင့် လူပုဂ္ဂိုလ် ၁၁၆ ဦးတို့အား မဟာဝိဇ္ဇာဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ၂၀၀၆-၂၀၀၇ မှစ၍ ပါရဂူဘွဲ့ကို စုစုပေါင်း ၃၂ ဦးအား ချီးမြှင့်ခဲ့သည်။

> **- အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် သင်ကြားရေးတာဝန် ထမ်းဆောင် နေကြသူများမှာ နိုင်ငံခြားမှ ပါရဂူဘွဲ့နှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအပြင် လူပုဂ္ဂိုလ် ဆရာ၊ ဆရာမကြီးများပါဝင်**
>
> **- ဆရာတော်ကြီးများနှင့် ဆရာ၊ ဆရာမကြီးများသည် ပိဋကတ်စာပေ၊ ပါဠိစာပေ၊ မြန်မာစာပေနှင့် နိုင်ငံခြားဘာသာစကားတို့ကို ကျွမ်းကျင်တတ်မြောက်ပြီး သင်ကြားရေး အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြသည်။ ဤတက္ကသိုလ်တွင် ပိဋကတ်ကျမ်းစာများကို အင်္ဂလိပ်ဘာသာစကားဖြင့်ပို့ချ**

ယခု ၂၀၁၈-၁၉ ပညာသင်နှစ်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ နိုင်ငံခြားကျောင်းသား ၁၃၉ ဦးနှင့် ပြည်တွင်း မြန်မာကျောင်းသား ၁၅၄ ဦးတို့သည် သင်တန်းအသီးသီးတွင် တက်ရောက် သင်ယူနေကြပြီဖြစ်သည်။

ဤတက္ကသိုလ်မှ မွေးထုတ်သင်ကြားပေးခဲ့သူများ၏ ပြည်ပတွင် ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မှု အခြေအနေကိုလည်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်-

ဤတက္ကသိုလ်မှ ဒီပလိုမာနှင့် ဘွဲ့ ရရှိခဲ့သော ရဟန်း သံဃာတော်များသည် မိမိတို့၏ နိုင်ငံအသီးသီးတွင် ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြပြီး ထေရဝါဒ ဗုဒ္ဓသာသနာပြုမည့်ပုဂ္ဂိုလ်များ ထပ်မံပေါ်ထွန်းလာဦးမည်ဖြစ်သည်။

ထို့ပြင် ဤတက္ကသိုလ်မှ ဒီပလိုမာနှင့် ဘွဲ့များ ရရှိခဲ့သော ရဟန်း သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အချို့သည် အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် အနောက်နိုင်ငံအချို့တွင်လည်း ဘွဲ့လွန်သင်တန်းများ ဆက်လက်ဆည်းပူးလျက်ရှိကြကြောင်း သိရှိရသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ သင်ကြားရေးဝန်ထမ်း ရဟန်းတော်များနှင့် ဆရာ ဆရာမများသည် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရသည်။ သင်ကြားရေးတွင် စာမေးပွဲစစ်ခြင်း(tutorials)၊ စာတမ်းဖတ်ခြင်း(Seminars)၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း(workshops)၊ နှီးနှောဖလှယ်ပွဲများကျင်းပခြင်း(symposia)နှင့် သင်တန်းသားများအား သမိုင်းဝင်ဒေသများသို့ လေ့လာရေးခရီးသွားရောက်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း(excursions)များ ပါဝင်သည်။ သုတေသနလုပ်ငန်းများကို လက်ရှိသင်ကြားရေးဝန်ထမ်းများက တစ်ဦး တစ်ယောက်ချင်းစီ ဆောင်ရွက်နေရသကဲ့သို့ သုတေသနအဖွဲ့အနေဖြင့်လည်း ဆောင်ရွက်နေရပေသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးတွင် ပိဋကတ်သုံးပုံ၊ ဗုဒ္ဓစာပေနှင့် နိုင်ငံခြားဘာသာများကို ကျွမ်းကျင်တော်မူကြသော ဆရာတော် သံဃာတော်များနှင့် ပညာရှင်များရှိခြင်းကြောင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ဤတက္ကသိုလ်တွင် ဗဟိုအချက်အချာနေရာ(Focal point)အဖြစ်ထား၍ ကျင်းပခဲ့သည်။

သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးသည် တည်ထောင်ဖွင့်လှစ်စဉ်က ချမှတ်ခဲ့သော ရည်ရွယ်ချက်များအတိုင်း ထေရဝါဒ ဓမ္မကို ကမ္ဘာအနှံ့ ပျံ့နှံ့စေရန်နှင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်(ဗုဒ္ဓ၏အဆုံးအမ)ကို ကမ္ဘာ့လူသားများအား မျှဝေခံစားစေရန် စွမ်းဆောင်နေသည့် မြန်မာ့ဂုဏ်ဆောင် တက္ကသိုလ်ကြီး တစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

ကိုးကား

(၁) Myo Myint, Dr. : Making History at Dhammapala Hill၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်ပွဲအထိမ်းအမှတ်စာစောင်၊ ၁၉၉၈ ခုနှစ်။

(၂) Khin Maung Nyunt, Dr. : The Arrival of Buddhism in Myanmar၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်ပွဲအထိမ်းအမှတ်စာစောင်၊ ၁၉၉၈ ခုနှစ်။

(၃) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် လက်ကမ်းစာစောင်၊ ၂၀၁၈ ခုနှစ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရန်အတွက် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်နေမှုနှင့် နေ့ရာသီသင်တန်းနှင့် အားကစားကွင်း / အဆောက်အအုံများ တည်ဆောက်နေမှုများ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာအားကစားအဖွဲ့များ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော် နွေရာသီ အားကစားသင်တန်းများ၊ အားကစားကွင်းနှင့် အဆောက်အအုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Fitness Center (GYM) ခန်းမ၌ မြန်မာလက်ရွေးစင် အားကစားအဖွဲ့များဖြစ်ကြသော ဝူရှူး၊ ဗိုဗီနမ်၊ မြားပစ်၊ တိုက်ကွမ်ဒို၊ ဂျူဒိုအားကစားနည်းများမှ လက်ရွေးစင်အားကစားသမားများ Physical Training (GYM) လေ့ကျင့်နေမှုများကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ ပိုက်ကျော်ခြင်းအားကစားရုံ၌ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားသမားများ၏ တစ်ဦးချင်း အရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုစစ်ဆေး၍ ဆုရရှိသူများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးချမ်းငြိမ်းလွင်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။

### မြန်မာ့သိုင်းအခြေခံသင်တန်း

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ အလေးမအားကစားရုံ၌ လက်ရွေးစင် အလေးမအားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း၊ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ ဗုဒ္ဓရတနာ ပရဟိတဘုန်းတော်ကြီးကျောင်း၌ ဇမ္ဗူသီရိမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဗုဒ္ဓရတနာ ပရဟိတအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ မြန်မာ့သိုင်းအခြေခံသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက ဗုဒ္ဓရတနာ ပရဟိတကျောင်းသို့ စားသောက်ဖွယ်ရာများကို လှူဒါန်းရာ ကျောင်းထိုင်ဆရာတော်က လက်ခံရယူပြီး ဗုဒ္ဓရတနာ ပရဟိတအသင်းသို့ အားကစားအထောက်အကူပြုပစ္စည်းများကို ဒုတိယဝန်ကြီးနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်လှူဒါန်းရာ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ပရဟိတအသင်း အကျိုးတော်ဆောင် အဖွဲ့ဝင်များက လက်ခံရယူသည်။ အဆိုပါ မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား/သူ ၁၁၀ ဖြင့် မတ် ၃၁ ရက်မှ မေ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားကွင်း တည်ဆောက်မှု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် အားကစားမှူးနေအိမ် တည်ဆောက်နေမှု၊ အားကစားကွင်း မြီးစည်းရိုးကာရံ လုပ်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာပြည့်ဝအောင် ကုမ္ပဏီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသရာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂဝတီ အားကစားကွင်းအသစ် ဖော်ထုတ်ဆောင်ရွက်နေမှု၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ်လူငယ် ပရဟိတအသင်း မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း (YGW)ရှိ နွေရာသီ မြန်မာ့သိုင်း အခြေခံသင်တန်း ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးသည်။

### အထောက်အကူပြုပစ္စည်းများလှူ

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း (YGW) အသင်းသို့ စားသောက်စရာများ၊ အားကစားအထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၃

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေးတရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တာချီလိတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံ

နေပြည်တော် မေ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို မေ ၂ ရက်က နယ်မြေခံတပ်နယ်ခန်းမ၌ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လူဖြစ်ကျိုးနပ်နိုင်ကြပါစေ

ကိုထွန်းခင်

> "ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ဖြစ်သည့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ပြစ်မှားခြင်း၊ အပြစ်ကျူးလွန်ခြင်းဖြင့် အပါယ်ငရဲတွင် ကျရောက်ရတတ်ပြီး မိမိပြုသည့် မကောင်းမှုအကုသိုလ်ကံကို မည်သူကမျှ ကိုယ်စားခံပေး၍ မရပါ။ ကိုယ်ပြုသမျှ ကောင်းကျိုး၊ ဆိုးကျိုးကို ကိုယ်သာ ခံစားစံစားရမည်ဖြစ်သည်။ ထိုသူ၏ ပြစ်မှားခြင်း အတွက် ထိုသူသာ အပြစ်ခံစားရမည်ဖြစ်ပြီး ကျန်သူများက ထိုလူအတွက် စိတ်မကောင်း ဖြစ်ရုံ၊ သနားနေရုံမှတစ်ပါး ဘာမှတတ်နိုင်လိမ့်မည်မဟုတ်ပါ"

ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီမြို့၌ အလွန်ဆင်းရဲသော မဟာဒုက် လယ်သမားဇနီးမောင်နှံတို့ နေထိုင်ကြသည်။ ဆင်းရဲလွန်းသောကြောင့် ဝမ်းရေးကိုအနိုင်နိုင် အသက်မွေးနေရသော လင်မယားနှစ်ယောက်ဖြစ်သည်။ တစ်ခုသော ဝါခေါင်လတွင် ကဿပဘုရားရှင်သည် သံဃာတော်အပါး နှစ်သောင်းခြံရံလျက် ဗာရာဏသီမြို့သို့ ကြွချီတော်မူလာသည်။

မဟာဒုက်တို့ရွာမှ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းလှူရန် အလှူညှိကြသည်။ မဟာဒုက်လင်မယားသည် ဆင်းရဲသော်လည်း သံဃာတစ်ပါးကိုတော့ ဆွမ်းတစ်နပ်ရအောင် လှူမည်ဟု စိတ်ဆုံးဖြတ်လိုက်ပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ကြ၏။ ယောကျ်ားဖြစ်သူက လယ်လုပ်ရာတွင် သီချင်းတအေးအေးနှင့် ဆွမ်းကပ်ရတော့မည့်အရေးကိုတွေးကာ ပျော်နေ၏။ မယားဖြစ်သူကလည်း ဆန်ထောင်းရာတွင် သီချင်းလေးတအေးအေးနှင့် ပျော်နေ၏။

သံဃာတော်တို့အား ဆွမ်းကပ်ရန်ပင့်ရမည့်အချိန်တွင် ရွာသူရွာသားများက သံဃာတစ်ပါးစီ သူ့ထက်ငါ ဦးအောင်ပင့်ဆောင်သွားကြသောကြောင့် မဟာဒုက်တို့အတွက် သံဃာ ကုန်ပြီဖြစ်သည်။ ကံအားလျော်စွာ ဘုရားရှင်တစ်ပါးတည်းသာ ကျန်တော့သည်။ မဟာဒုက်လည်း အရဲစွန့်ပြီး အရှင်ဘုရား၏ သပိတ်တော်ကို တပည့်တော်အား ချီးမြှောက်ပါရန် လျှောက်ထားသောအခါ မြတ်စွာဘုရားက မဟာဒုက်လက်သို့ သပိတ်ကို ပေးအပ်လိုက်လေသည်။

## သဒ္ဓါကို အသပြာနှင့်မလဲနိုင်

မဟာဒုက်ဆင်းရဲသားလင်မယားသည် မြတ်စွာဘုရား၏ သပိတ်ရသွားသည်ကို သူဌေး သူကြွယ်များက မြင်သောအခါ "အို မဟာဒုက် သင့်အား ရွှေငွေဥစ္စာ အမြောက်အမြားပေးပါမည်။ သင့်လက်ထဲမှ သပိတ်ကိုပေးပါ" ဟု ပြောကြသော်လည်း မဟာဒုက်က မိမိ၏သဒ္ဓါကို အသပြာ နှင့် မလဲနိုင်ဟုဆိုကာ မြတ်စွာဘုရားအား အိမ်သို့ပင့်ဆောင်သွား၏။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရား ဟောသောအခါတွင် မဟာဒုက်တို့ ဇနီးမောင်နှံနှစ်ဦး သောတာပန် တည်ကြလေသည်။ ဇနီးမောင်နှံနှစ်ဦး၏ ဆွမ်းအတွက် သဒ္ဓါထက်သန်စွာ ကြိုးစားအားထုတ်နေသည်ကို စောင့်ကြည့်နေသော သိကြားမင်းက မဟာဒုက်တို့နေအိမ်ပေါ်သို့ ရတနာမိုးကြီး ရွာသွန်းချလိုက်သောကြောင့် မဟာဒုက်ဆင်းရဲသားလင်မယားသည် နေ့ချင်းညချင်း ချမ်းသာသွားကြလေသည်။

မဟာဒုက်တို့ ဇနီးမောင်နှံသည် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသည့် ကောင်းမှုကုသိုလ်ကြောင့် လက်ငင်းအကျိုးပေးပြီး သေလွန်သော် နတ်ပြည်သို့ ရောက်ကြရသည်။ မဟာဒုက်၏ ဒါနပါရမီမျိုးစေ့သည် ဂေါတမဘုရားရှင် လက်ထက်သို့ရောက်သောအခါ လူ့အဖြစ်ပြန်လည်ရရှိပြီး အသက် ခုနစ်နှစ်အရွယ်တွင် သာမဏေဖြင့် အရဟတ္တဖိုလ် ရရှိခဲ့သည်။

မဟာဒုက်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိသေ ကိုင်းရှိုင်းကာ သဒ္ဓါတရား၏ အစွမ်းသတ္တိကြောင့် လူ့ချမ်းသာ၊ နတ်ချမ်းသာ ၊ နိဗ္ဗာန်ချမ်းသာသို့တိုင် ထူးခြားသော အကျိုးပေးကို ရရှိခဲ့သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒကို ကျင့်ကြံပွားများ အားထုတ်ကြခြင်းဖြင့် ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှုတို့ကို လက်တွေ့ရကြသည့်အပြင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ကြပြီး နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ကြခြင်းတို့ကြောင့် ဗုဒ္ဓကို ဘုရားအဖြစ် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဆည်းကပ်ကြခြင်း ဖြစ်သည်။

မြတ်စွာဘုရားကို မကိုးကွယ်၊ မဆည်းကပ်သဖြင့် မြတ်စွာဘုရားသည် မည်သို့မျှ အကျိုးဆုတ်ယုတ်သွားမည်မဟုတ်၊ မကိုးကွယ်၊ မဆည်းကပ်သူသာ ဆင်းရဲဒုက္ခများနှင့် ဘဝသံသရာလည်ကာ နစ်မွန်းမည်ဖြစ်သည်။ ဗုဒ္ဓဘာသာကို မကိုးကွယ်၊ မဆည်းကပ်ခြင်းအတွက် ဗုဒ္ဓဘာသာက နစ်နာမှု မရှိပါ။ မကိုးကွယ် မဆည်းကပ်သူမှာသာ ယခုဘဝတွင်သာမက သံသရာမှာ ဆင်းရဲဒုက္ခနှင့် ဘဝပေါင်းများစွာ ကျင်လည်ကြရတော့မည်ဖြစ်သည်။

## ကံ က လိုက်ပါအကျိုးပေးနေမည်

ကမ္ဘာပေါ်ရှိ မည်သည့် ဘာသာကိုးကွယ်သည်ဖြစ်စေ မိမိတို့ပြုလုပ်သည့် ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်သည် နွားခြေရာနောက်သို့ အစဉ်လိုက်သော လှည်းဘီးကဲ့သို့၊ လူသွားရာ အရိပ်ပမာ ကံ က လိုက်ပါအကျိုးပေးနေမည်ဖြစ်ပြီး သံသရာဘေးမှ ပြေးမလွတ်နိုင်ဘဲ ခံရမည်သာ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ဖြစ်သည့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ပြစ်မှားခြင်း၊ အပြစ်ကျူးလွန်ခြင်းဖြင့် အပါယ်ငရဲတွင် ကျရောက်ရတတ်ပြီး မိမိပြုသည့် မကောင်းမှု အကုသိုလ်ကံကို မည်သူကမျှ ကိုယ်စားခံပေး၍ မရပါ။ ကိုယ်ပြုသမျှ ကောင်းကျိုး၊ ဆိုးကျိုးကို ကိုယ်သာ ခံစားစံစားရမည်ဖြစ်သည်။ ထိုသူ၏ ပြစ်မှားခြင်းအတွက် ထိုသူသာ အပြစ်ခံစားရမည်ဖြစ်ပြီး ကျန်သူများက ထိုလူအတွက် စိတ်မကောင်းဖြစ်ရုံ၊ သနားနေရုံမှတစ်ပါး ဘာမှတတ်နိုင်လိမ့်မည် မဟုတ်ပါ။

မြတ်စွာဘုရားကို ပြစ်မှားစော်ကားသူ ဒေဝဒတ်၏အဖြစ်ကို ကြည့်မည်ဆိုပါက ဘုရားရှင်ကို မုန်းရသည့် ပထမဆုံးရန်ငြိုးသည် ရွှံကုန်သည်ဘဝမှ စခဲ့သည်။ အချောင်လိုချင်၍ ပဲဝက်တောင်မတန်ဘူးဟု ပြောထားခဲ့သည့် ရွှေခွက်ကို ဘုရားလောင်းကုန်သည်က အမှန်အတိုင်းပြောပြီး ဝယ်သွားရာမှ ဒေဝဒတ်လောင်းဟာ လောဘ၊ ဒေါသမီးလောင်ပြီး လှေဆိပ်တွင် ရင်ကွဲနာကျ သေခဲ့ရသည်။

မသေခင်နောက်ဆုံး သူ့အမုန်းများသည် ဘဝများပြောင်းသွားသော်လည်း ဘုရားလောင်းပေါ်တွင် အမြဲရှိနေခဲ့သည်။ ထိုနောက်တွင် ဘုရားလောင်းကို မျောက်မင်းဘဝ၊ ဆဒ္ဒန်ဆင်မင်း၊ စူဠဓမ္မပါလ စသည်ဖြင့် ဘဝများစွာတို့တွင် သတ်တော့သည်။

နောက်ဆုံး ဘုရားဖြစ်သည့် ဘဝတွင် ကောလိယတိုင်း ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်းကြီး၏ သားငယ်အဖြစ် မွေးဖွားလာခဲ့ပြီး နာမည်မှာ ဒေဝဒတ္တ - နတ်ပေးသော မင်းသားဟု အဓိပ္ပာယ် ရှိသည်။ ယသော်ဓရာ၏ မောင်၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားနှင့် နှစ်ဖက်တော် ညီအစ်ကို တစ်ဝမ်းကွဲ ဖြစ်လာခဲ့ပြီး ဘုရားရှင်အား ကျောက်မောင်းဆင်၍ သတ်ရန်ကြံစည်ခဲ့သည့်အတွက် နောက်ဆုံးတွင် ဇေတဝန်ကျောင်း အပေါက်ဝတွင် မြေမြိုခံရတော့သည်။

ထို့ပြင် အခြားဥပမာတစ်ခုအနေဖြင့် စိဉ္စမာန မိန်းမယုတ်သည် မြတ်စွာဘုရားကို စွပ်စွဲကဲ့ရဲ့လိုက်သည့် အကုသိုလ်ကြောင့် နောက်ဘဝမခြားဘဲ ထိုဘဝမှာပင် မြေမြိုပြီး ငရဲကျရောက်သွားခဲ့ရသည်။ ကောင်းမှု၊ မကောင်းမှုကံတို့၏သဘောမှာ ရှေးဘဝက ပြုခဲ့တဲ့ကံကြောင့် ယခုဘဝမှာ အကျိုးတရားကိုခံစားရနိုင်သလို၊ ယခုဘဝပြုလုပ်လိုက်သည့်ကံကြောင့် နောက်ဘဝမခြားဘဲ ယခုဘဝမှာပင် ချက်ချင်းအကျိုးပေး ခံစားရနိုင်ပါသည်။

၂၁ ရာစုတွင် အာဖဂန်နစ္စတန်၌ ဗုဒ္ဓဆင်းတုတော်ကြီးအား မိုင်းခွဲဖျက်ဆီးမှု အကျိုးဆက်အဖြစ် တာလီဘန်များ ယနေ့တိုင် မည်သို့ဒုက္ခပေါင်းစုံ ခံစားသွားရသည်၊ အာဖဂန်နစ္စတန်မြေ၌ ဘယ်လိုဖြစ်နေသည်ကို အားလုံးအသိပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်တိုင် အနန္တေ အနန္တငါးပါးကို ပြစ်မှားခဲ့သည့်အတွက် ဆင်းရဲဒုက္ခရောက်ကြရသော သာဓကများစွာတို့ ရှိနေသည်။

ဘာသာရေးနှင့် ပတ်သက်၍ လူသားတို့ သေလွန်ပြီးသောအခါ ရက်လည်ဆွမ်းအပါအဝင် ကောင်းမှုကုသိုလ်များ ဆောင်ရွက်နေချိန် တရားနာခွင့်၊ သာဓုခေါ်ခွင့်ရအောင် ဖိတ်ကြားကြသည်။ သို့သော် ကုသိုလ်ကံအားနည်းပြီး ပြိတ္တာဖြစ်နေပါက သူ့ထက်ပိုအဆင့်မြင့်သော ပြိတ္တာများက တရားနာခွင့်၊ သာဓုခေါ်ခွင့်မရအောင် မမြင်မကြားရသော နေရာသို့ ခေါ်ဆောင်သွားကြောင်း တရားတော်များတွင် နာကြားခဲ့ရဖူးသည်။

## သတင်းအမှန်များကို တင်ပေးနေ

ထို့အတူ ယနေ့ခေတ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့် ပတ်သက်၍ သတင်းအမှန်များကို နိုင်ငံပိုင်ရုပ်သံနှင့် သတင်းစာများ၊ မြဝတီရုပ်သံနှင့် သတင်းစာတို့တွင် ဖြန့်ချိပေးနေသည်။ လူမှုကွန်ရက်တွင်လည်း သိနားလည်သူများက သတင်းအမှန်များကို တင်ပေးနေသည်၊ ရှင်းလင်းပြောပြပေးနေသည်။ သို့သော် သတင်းများကို မသိ၊ မကြားရအောင် MRTV မကြည့်နဲ့၊ နိုင်ငံပိုင်သတင်းစာများ၊ မြဝတီရုပ်သံ/သတင်းစာများ မဖတ်နဲ့ စသည်ဖြင့် တိုက်တွန်းနေကြသည်။ လူမှုကွန်ရက်မှ မည်မျှပင် ရှင်းပြနေသော်လည်း နားမဝင်နိုင်ကြ။ ပြိတ္တာများ သာဓုခေါ်ခွင့်မရအောင်၊ ကျွတ်လွတ်ခွင့်မရအောင် အဝေးသို့ခေါ်ဆောင်သွားသည့် နာကြားခဲ့ဖူးသော တရားတော်ကို မြင်ယောင် ကြားယောင်မိပါသည်။

သတင်းမှန်များကို မဖတ်ရှု၊ နားမထောင်၊ မသိမကြား၊ မယုံကြည်သည့်အတွက် နိုင်ငံပိုင်မီဒီယာများနှင့် သတင်းထုတ်ပြန်သူများက မနစ်နာ၊ အကျိုးမဆုတ်ယုတ်နိုင်ပါ။ နားမထောင်သူ၊ နားထောင်ရအောင် မလုပ်သူများသာ မြေပြင်အခြေအနေ၊ အမှန်တရားနှင့်ဝေးကွာမည်ဖြစ်သည်။ မသိမကြားနိုင်သော အဝိဇ္ဇာအမှောင်ဖုံးနေသည့်အတွက် အမှန်ကို အမှန်ဟုမမြင်နိုင်တော့သလို မိမိတို့အကျိုးဆောင်ရွက်နေသည်ကိုလည်း ဆောင်ရွက်နေမှန်း မသိနိုင်ကြတော့ဘဲ မိတ်ဆွေကို ရန်သူထင်မှတ်ကြတော့သည်။ အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် ဝေးကွာပြီး လူသားအပေါင်းကို ဘေးဒုက္ခများနှင့် ရင်ဆိုင်ရစေတော့သည်။ ကိုယ့်ဒုက္ခ ကိုယ်ရှာသလိုသာ ဖြစ်နေမည် ဖြစ်ပါသည်။

ထို့ကြောင့် စကားလက်ဆောင်ပေးချင်သည်မှာ ကံအလွန့်အလွန် ကောင်းလွန်း၍ လူဖြစ်လာပြီး သာသနာနှင့်တွေ့ကြုံနေရခိုက် ယခုဘဝတွင် ဘုရားကို ဘုရားမှန်းသိ၊ တရားကို တရားမှန်းသိ၊ သံဃာကို သံဃာမှန်းသိကာ ကိုးကွယ်ဆည်းကပ်နိုင်ကြပါစေ။

ပညာရှိ သူတော်ကောင်းများနှင့်သာ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်နိုင်ကြပါစေ။ အမှန်တရားကို ဉာဏ်မျက်လုံးဖြင့် ထွင်းဖောက်သိမြင်ကာ လူဖြစ်ကျိုးနပ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

> 'သတင်းမှန်များကို မဖတ်ရှု၊ နားမထောင်၊ မသိမကြား၊ မယုံကြည်သည့်အတွက် နိုင်ငံပိုင် မီဒီယာများနှင့် သတင်းထုတ်ပြန်သူများက မနစ်နာ၊ အကျိုးမဆုတ်ယုတ်နိုင်ပါ။ နားမထောင်သူ၊ နားထောင်ရအောင် မလုပ်သူများသာ မြေပြင်အခြေအနေ၊ အမှန်တရားနှင့် ဝေးကွာမည်ဖြစ်သည်။ မသိမကြားနိုင်သော အဝိဇ္ဇာအမှောင်ဖုံးနေသည့်အတွက် အမှန်ကို အမှန်ဟုမမြင်နိုင်တော့သလို မိမိတို့အကျိုးဆောင်ရွက်နေသည်ကိုလည်း ဆောင်ရွက်နေမှန်း မသိနိုင်ကြတော့ဘဲ မိတ်ဆွေကို ရန်သူထင်မှတ်ကြတော့သည်။ အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့်ဝေးကွာပြီး လူသားအပေါင်းကို ဘေးဒုက္ခများနှင့် ရင်ဆိုင်ရစေတော့သည်။ ကိုယ့်ဒုက္ခ ကိုယ်ရှာသလိုသာ ဖြစ်နေမည်ဖြစ်ပါသည်'

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မဲရုံပေါင်း ၁၅၉ ရုံ | ၁၂၆၈၆၅ | ၁၀၂၃၇၂ | ၁၂၇၀၀ | ၆၂၄ | ၁၂၀၇၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မဲရုံပေါင်း ၁၄၂ ရုံ | ၁၁၈၄၇၉ | ၁၀၃၇၁၆ | ၉၅၉၁ | ၅၈၄ | ၁၀၆၅၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၁ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၉၆၂၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၂၈၅၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၆၇၇၂၊ မြေပြင်လက်ကျန် ၈၁၅၀၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၆၄၁၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၁၅၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရေနံချောင်း | ၁၅၉ | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |
| ၂ | စဉ့်ကိုင် | ၁၄၂ | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |
| | စုစုပေါင်း | ၃၀၁ | ၂၇၉၆၂၉ | ၁၉၂၈၅၇ | ၈၆၇၇၂ | ၈၁၅၀၈ | ၆၄၁၅ | ၁၁၅၁ |

### ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ မဲရုံပေါင်း ၁၅၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၂၁၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၈၅၇၁၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၃၅၇၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၈၅၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ် လိုအပ်ချက် စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၂၁၅၀ | ၈၈၅၇၁ | ၄၃၅၇၉ | ၃၉၈၅၅ | ၃၇၂၄ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၂၁ | ၅၅၂ | ၂၆၉ | ၂၆၉ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၃၄၅၀ | | ၁၃၄၅၀ | ၁၃၄၅၀ | | |
| | စုစုပေါင်း | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |

၆။ ရေနံချောင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၄၃ ခုရှိ မဲရုံပေါင်း ၁၅၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၇၂၄ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန် ဆန္ဒမဲလက်မှတ် ၁၃၄၅၀ ကျန်ရှိပါသည်။

၇။ ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မမြောက်ရပ်ကွက် | ၄ | ၃၅၅၀ | ၂၄၆၂ | ၁၀၈၈ | ၈၈၈ | ၂၀၀ | |
| ၂ | မြို့မတောင်ရပ်ကွက် | ၂ | ၂၀၅၀ | ၁၄၄၇ | ၆၀၃ | ၆၀၃ | | |
| ၃ | အိုးဘိုရပ်ကွက် | ၂ | ၂၃၅၀ | ၁၅၅၆ | ၇၉၄ | ၃၇၇ | ၄၁၇ | |
| ၄ | ဆုံတိုက်ရပ်ကွက် | ၄ | ၂၈၀၀ | ၁၈၈၄ | ၉၁၆ | ၉၀၅ | ၁၁ | |
| ၅ | ရွှေကြာင့်ရပ်ကွက် | ၃ | ၂၁၅၀ | ၁၄၂၂ | ၇၂၈ | ၆၈၃ | ၄၅ | |
| ၆ | ရွာသစ်ရပ်ကွက် | ၅ | ၆၀၅၀ | ၄၀၉၃ | ၁၉၅၇ | ၁၉၅၇ | | |
| ၇ | တွင်းကုန်းရပ်ကွက် | ၃ | ၂၆၀၀ | ၁၃၂၅ | ၁၂၇၅ | ၉၇၅ | ၃၀၀ | |
| ၈ | သူဌေးကုန်းရပ်ကွက် | ၄ | ၃၀၅၀ | ၂၀၃၆ | ၁၀၁၄ | ၄၆၄ | ၅၅၀ | |
| ၉ | မြေနီခင်မြောက်ရပ်ကွက် | ၃ | ၃၀၅၀ | ၁၈၂၄ | ၁၂၂၆ | ၁၂၂၆ | | |
| ၁၀ | မြေနီခင်တောင်ရပ်ကွက် | ၄ | ၂၉၀၀ | ၁၈၄၂ | ၁၀၅၈ | ၁၀၅၈ | | |
| ၁၁ | ဘေးမဲ့ရပ်ကွက် | ၃ | ၂၇၀၀ | ၁၇၇၆ | ၉၂၄ | ၉၂၃ | ၁ | |
| ၁၂ | သစ်တမွေရပ်ကွက် | ၇ | ၅၇၀၀ | ၃၈၇၀ | ၁၈၃၀ | ၁၈၃၀ | | |
| ၁၃ | ညောင်လှရပ်ကွက် | ၅ | ၄၀၅၀ | ၂၇၅၄ | ၁၂၉၆ | ၁၂၄၈ | ၄၈ | |
| ၁၄ | ဘိုကုန်းရပ်ကွက် | ၂ | ၁၈၀၀ | ၁၁၉၆ | ၆၀၄ | ၆၀၄ | | |
| ၁၅ | သုံးဆယ့်ခြောက်ကျေးရွာအုပ်စု | ၆ | ၅၃၅၀ | ၃၅၆၂ | ၁၇၈၈ | ၁၇၁၁ | ၇၇ | |
| ၁၆ | ဖောင်းကတောကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၆၁ | ၆၃၉ | ၆၃၉ | | |
| ၁၇ | ဘူးကျွန်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၅၀ | ၅၀၀ | ၅၀၀ | | |
| ၁၈ | ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၈၇ | ၄၆၃ | ၄၆၃ | | |
| ၁၉ | မာန်မြေကျေးရွာအုပ်စု | ၆ | ၄၇၅၀ | ၃၁၆၃ | ၁၅၈၇ | ၁၅၅၀ | ၃၇ | |
| ၂၀ | ပင်းဝကျေးရွာအုပ်စု | ၉ | ၆၅၀၀ | ၄၆၂၇ | ၁၈၇၃ | ၁၈၅၉ | ၁၄ | |
| ၂၁ | အရှေ့ကုန်းကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၂၃၀၆ | ၁၀၉၄ | ၁၀၈၆ | ၈ | |
| ၂၂ | ကမ္မကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၇၆၉ | ၁၀၈၁ | ၁၀၈၁ | | |
| ၂၃ | ဖိုးကိုးကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၇၀၈ | ၅၉၂ | ၅၄၂ | ၅၀ | |
| ၂၄ | စိန်ပန်းပင်ကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၇၈၂ | ၉၆၈ | ၈၆၈ | ၁၀၀ | |
| ၂၅ | ရွှေဘုတ်ကန်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၅၀ | ၄၅၀ | ၇၁ | ၃၇၉ | |
| ၂၆ | မကြီးကန်ကျေးရွာအုပ်စု | ၆ | ၄၄၅၀ | ၂၈၀၉ | ၁၆၄၁ | ၁၆၄၁ | | |
| ၂၇ | ကုက္ကိုခွကျေးရွာအုပ်စု | ၄ | ၄၆၅၀ | ၃၇၆၂ | ၈၈၈ | ၈၇၈ | ၁၀ | |
| ၂၈ | အုတ်ရှစ်ကုန်းကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၂၆၆၅ | ၈၈၅ | ၈၅၉ | ၂၆ | |
| ၂၉ | စခန်းကန်ကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၆၁၈ | ၆၈၂ | ၆၈၂ | | |
| ၃၀ | လေးတိုင်စင်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၆၄ | ၅၈၆ | ၅၈၆ | | |
| ၃၁ | ဖောင်းကွဲကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၅၃၄ | ၈၆၆ | ၈၁၆ | ၅၀ | |
| ၃၂ | ချိုင်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၅၉ | ၇၉၁ | ၇၉၁ | | |
| ၃၃ | အင်တောကျေးရွာအုပ်စု | ၆ | ၅၄၀၀ | ၃၆၂၁ | ၁၇၇၉ | ၁၇၆၉ | ၁၀ | |
| ၃၄ | ရုံးကုန်းကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၃၂၀ | ၇၈၀ | ၅၈၀ | ၂၀၀ | |
| ၃၅ | ညောင်ပင်အိုင့်ကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၂၂၃၂ | ၁၁၁၈ | ၁၀၄၁ | ၇၇ | |
| ၃၆ | နဂါးကျေးရွာအုပ်စု | ၅ | ၃၅၀၀ | ၂၃၈၅ | ၁၁၁၅ | ၇၆၅ | ၃၅၀ | |
| ၃၇ | ချောင်းဆုံကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၈၃၈ | ၁၁၁၂ | ၇၈၇ | ၃၂၅ | |
| ၃၈ | ဝက်လွှတ်ကျေးရွာအုပ်စု | ၆ | ၃၈၅၀ | ၂၃၉၃ | ၁၄၅၇ | ၁၄၅၁ | ၆ | |
| ၃၉ | ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၇၄၅ | ၆၀၅ | ၅၅၅ | ၅၀ | |
| ၄၀ | ဘဲဆိပ်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၁၇၁ | ၅၂၉ | ၅၂၉ | | |
| ၄၁ | ဝက်မစွတ်ကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၁၇၁၇ | ၁၁၃၃ | ၇၈၃ | ၃၅၀ | |
| ၄၂ | ကန်ကြီးကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၉၃၀ | ၇၂၀ | ၇၂၀ | | |
| ၄၃ | ဆားတိုင်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၅၆ | ၅၄၄ | ၅၁၁ | ၃၃ | |
| | ရပ်/ကျေးချုပ်မဲလက်မှတ် | ၁၅၉ | ၁၃၂၁၅၀ | ၈၈၅၇၁ | ၄၃၅၇၉ | ၃၉၈၅၅ | ၃၇၂၄ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၂၁ | ၅၅၂ | ၂၆၉ | ၂၆၉ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၃၄၅၀ | | ၁၃၄၅၀ | ၁၃၄၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၉ | ၁၄၆၄၂၁ | ၈၉၁၂၃ | ၅၇၂၉၈ | ၅၃၅၇၄ | ၃၇၂၄ | |

### စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၁၄၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၃၃၂၀၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သောလက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၃၇၃၄ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၂၉၄၇၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၉၃၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့်

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၈၃၅၀ | ၁၀၃၂၇၅ | ၂၅၀၇၅ | ၂၃၅၃၅ | ၂၆၉၁ | ၁၁၅၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၅၈ | ၄၅၉ | ၄၃၉၉ | ၄၃၉၉ | | |
| | စုစုပေါင်း | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ စဉ့်ကိုင်မြို့နယ်၊ ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု မဲရုံပေါင်း ၁၄၂ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၆၉၁ ပျောက်ဆုံးနေပြီး ၁၁၅၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၄၅၉ အသုံးပြုထားပြီး ၄၃၉၉ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၀။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက် / ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွာနိုင်ရပ်ကွက် | ၁ | ၁၀၅၀ | ၈၆၆ | ၁၈၄ | ၁၈၄ | | |
| ၂ | တရုပ်စုရပ်ကွက် | ၂ | ၁၆၀၀ | ၁၂၃၈ | ၃၆၂ | ၃၆၁ | ၁ | |
| ၃ | ရန်အောင်မြင်ရပ်ကွက် | ၂ | ၁၄၅၀ | ၁၀၈၃ | ၃၆၇ | ၃၆၇ | | |
| ၄ | ကံသစ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၆၅ | ၁၈၅ | ၁၈၅ | | |
| ၅ | ကြက်စိန့်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၃၆ | ၁၁၄ | ၁၆၄ | | ၅၀ |
| ၆ | ကြက်မျှားကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၆၇ | ၁၈၃ | ၁၈၃ | | |
| ၇ | သပြေရိုးကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၄၅ | ၄၅၅ | ၄၅၅ | | |
| ၈ | ရွာဟောင်းကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၀၉ | ၃၄၁ | ၃၄၁ | | |
| ၉ | သိန်းနီကုန်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၇၅ | ၁၇၅ | ၁၇၅ | | |
| ၁၀ | အုန်းပင်ခြံကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၉၀၈ | ၃၄၂ | ၁၉၄ | ၁၄၈ | |
| ၁၁ | တောမကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၃၇၁ | ၅၇၉ | ၂၂၉ | ၃၅၀ | |
| ၁၂ | စွန်ရဲကျေးရွာအုပ်စု | ၇ | ၆၂၀၀ | ၅၂၄၅ | ၉၅၅ | ၉၅၅ | | |
| ၁၃ | တောင်ရင်းကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၃၃၂၄ | ၁၂၆ | ၉၇၆ | | ၈၅၀ |
| ၁၄ | ဘယ်လင်းကျေးရွာအုပ်စု | ၅ | ၄၃၅၀ | ၃၃၆၇ | ၉၈၃ | ၉၇၈ | ၅ | |
| ၁၅ | မိုးကောင်းကျေးရွာအုပ်စု | ၅ | ၄၃၅၀ | ၃၆၁၁ | ၇၃၉ | ၇၄၁ | | ၂ |
| ၁၆ | မုန့်ပေါင်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၇ | ၁၂၃ | ၁၂၃ | | |
| ၁၇ | မုံပင်ကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၃၆၇၆ | ၃၇၄ | ၃၂၂ | ၅၂ | |
| ၁၈ | ရှမ်းကန်ကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၂၂၁ | ၆၇၉ | ၆၇၉ | | |
| ၁၉ | တအုံကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၇၉၃ | ၃၀၇ | ၃၅၇ | | ၅၀ |
| ၂၀ | ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၂၀၈၉ | ၄၁၁ | ၄၅၁ | | ၄၀ |
| ၂၁ | မီးသွေးဘုတ်ကျေးရွာအုပ်စု | ၇ | ၇၃၅၀ | ၆၀၀၁ | ၁၃၄၉ | ၁၁၉၉ | ၁၅၀ | |
| ၂၂ | ဗျည်းလောကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၃၆၇ | ၇၈၃ | ၃၃ | ၇၅၀ | |
| ၂၃ | ဒေ့ပြကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၂၁၄၄ | ၃၅၆ | ၄၀၆ | | ၅၀ |
| ၂၄ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၂၂၀၈ | ၃၉၂ | ၃၉၄ | | ၂ |
| ၂၅ | မြို့မရပ်ကွက် | ၂ | ၂၀၀၀ | ၁၄၅၈ | ၅၄၂ | ၅၄၂ | | |
| ၂၆ | မြို့သစ်ရပ်ကွက် | ၁ | ၁၁၅၀ | ၉၃၄ | ၂၁၆ | ၂၁၆ | | |
| ၂၇ | ကံဆွယ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၅၆ | ၉၄ | ၄၄ | ၅၀ | |
| ၂၈ | ဆည်ကျေးရွာအုပ်စု | ၄ | ၄၃၅၀ | ၃၆၂၁ | ၇၂၉ | ၇၂၉ | | |
| ၂၉ | မြို့ဝန်ကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၅၄၃ | ၃၀၇ | ၃၀၇ | | |
| ၃၀ | လက်ဝဲကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၆၉၂ | ၈၅၈ | ၃၀၈ | ၅၅၀ | |
| ၃၁ | သင်္ဂတုံကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၀၄ | ၁၄၆ | ၁၄၆ | | |
| ၃၂ | သင်တောင်းငယ်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၆၇ | ၁၃၃ | ၁၃၃ | | |
| ၃၃ | ဥယျာဉ်ကြီးကျေးရွာအုပ်စု | ၁ | ၉၅၀ | ၈၂၂ | ၁၂၈ | ၁၂၈ | | |
| ၃၄ | တပ်ကြီးကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၅၆ | ၄၄ | ၄၄ | | |
| ၃၅ | နန်းနီကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၂၀၁၃ | ၄၃၇ | ၄၈၇ | | ၅၀ |
| ၃၆ | အုန်းလကျောက်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၀၇ | ၉၃ | ၉၆ | | ၃ |
| ၃၇ | ကြက်လျှာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၈၀ | ၇၀ | ၇၀ | | |
| ၃၈ | ကသဲကုန်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၀ | ၁၃၀ | ၁၃၀ | | |
| ၃၉ | ဇော်ရဲကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၅၁၂ | ၂၃၈ | ၂၃၈ | | |
| ၄၀ | ဟင်းငုကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၂၀၂၂ | ၄၂၈ | ၄၃၀ | | ၂ |
| ၄၁ | သည်တည်းကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၆၆ | ၈၄ | ၈၄ | | |
| ၄၂ | မြောင်းဆုံကြီးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၈၁၃ | ၈၇ | ၈၇ | | |
| ၄၃ | မြောင်းဆုံငယ်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၄၄၀ | ၆၀ | ၆၀ | | |
| ၄၄ | ရှမ်းရွာကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၁၄ | ၈၆ | ၈၆ | | |
| ၄၅ | သစ်ခေါက်ကျေးရွာအုပ်စု | ၅ | ၃၂၀၀ | ၂၄၈၂ | ၇၁၈ | ၇၂၀ | | ၂ |
| ၄၆ | ပလိပ်ကျေးရွာအုပ်စု | ၁၈ | ၁၈၇၅၀ | ၁၃၇၅၇ | ၄၉၉၃ | ၄၅၀၅ | ၄၈၈ | |
| ၄၇ | ခ်လူးကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၉၆၉ | ၅၈၁ | ၅၈၁ | | |
| ၄၈ | တဘက်ဆွဲကျေးရွာအုပ်စု | ၇ | ၆၈၅၀ | ၅၃၀၅ | ၁၅၄၅ | ၁၄၄၈ | ၉၇ | |
| ၄၉ | လက်ပံချိုင့်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၄၉ | ၅၁ | ၁၀၁ | | ၅၀ |
| ၅၀ | ထန်းတောကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၂၉၉ | ၂၀၁ | ၂၀၁ | | |
| ၅၁ | ဝန်းသိုကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၁၂၇ | ၄၂၃ | ၃၇၃ | ၅၀ | |
| ၅၂ | ဆီဆုံကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၂၂၀၉ | ၄၉၁ | ၄၉၁ | | |
| ၅၃ | မြောက်ကိုင်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၇၅၂ | ၂၉၈ | ၂၉၈ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၄၂ | ၁၂၈၃၅၀ | ၁၀၃၂၇၅ | ၂၅၀၇၅ | ၂၃၅၃၅ | ၂၆၉၁ | ၁၁၅၁ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၈၅၈ | ၄၅၉ | ၄၃၉၉ | ၄၃၉၉ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၂ | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

◆ *ကျောဖုံးမှ*

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

( ခ ) လေ့ကျင့်ခန်းဧရိယာ(၂)

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

( ဂ ) လေ့ကျင့်ခန်းဧရိယာ(၃)


(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။



# ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများအတွက် ခရီးသွားလာမှုဆိုင်ရာလမ်းညွှန်ချက်အသစ်ကို စီဒီစီမှ ထုတ်ပြန်

ဝါရှင်တန် မေ ၃

**အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) မှ အမေရိကန်ပြည်ထောင်စုအတွင်း ကာကွယ်ဆေးနှစ်ကြိမ်တိုင် ထိုးပြီးသူများအတွက် ခရီးသွားလာမှုဆိုင်ရာလမ်းညွှန်ချက်အသစ်ကို ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများသည် အမေရိကန်ပြည်ထောင်စုအတွင်း ဆေးစစ်ခြင်းနှင့် သီးခြားခွဲနေထိုင်ခြင်းမပြုဘဲ ခရီးသွားလာခွင့်ရှိသည်ဟု သိရသည်။**

အမေရိကန်နိုင်ငံတွင် လူငယ် ၂၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ ဧပြီ ၂ ရက် သတင်းစာရှင်းလင်းပွဲအရ စီဒီစီမှ ညွှန်ကြားရေးမှူး ရိုချဲလ် ဝယ်လန်စကီ က ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများအတွက် လမ်းညွှန်ချက်အသစ် ကြေညာခဲ့သည်။

ကာကွယ်ဆေး နောက်ဆုံးတစ်ကြိမ်ထိုးပြီးသည့်နေ့မှ နှစ်ပတ်အကြာတွင် ကူးစက်မှုနည်းသည့် ဒေသသို့ ခရီးသွားနိုင်သည်ဟု သိရသည်။ တိုင်းပြည်ရပ်ခြားသို့ ခရီးသွားလာမှုနှင့်ပတ်သက်၍မူ ကန့်သတ်ချက်များ ဆက်လက်ထားရှိဆဲဖြစ်သည်။ ကာကွယ်ဆေးနှစ်ကြိမ်တိုင်တိုင် ထိုးထားသူများအတွက် ခရီးသွားလာမှုမတိုင်မီ ကိုဗစ်-၁၉ ဆေးစစ်ချက်ရယူရန် မလိုအပ်ပေ။

သို့သော်လည်း အမေရိကန်နိုင်ငံသို့ မထွက်ခွာမီ ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ရယူရန်လိုအပ်ပြီး အပြည်ပြည်ဆိုင်ရာမှ ပြန်လာသည့်အခါတွင်လည်း သုံးရက်မှ ငါးရက်အတွင်း နောက်ထပ် ဆေးစစ်မှုပြုလုပ်ရန် လိုအပ်သည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ကူးစက်မှုများ များပြားလာသည်ကို သိရှိကြောင်း၊ ခရီးသွားလာမှုကို အားမပေးကြောင်း၊ ဝယ်လန်စကီက ပြောကြားသည်။

အင်န်အိတ်ချ်ကေ




ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသွားများကို တွေ့ရစဉ်။

# ဘရူနိုင်းနိုင်ငံသို့ ကိုဗက်အစီအစဉ်ဖြင့် ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများရောက်ရှိ

ဘန်ဒါဆီရီဘီဂါဝမ် မေ ၃

ဘရူနိုင်းနိုင်ငံသို့ ကိုဗက်အစီအစဉ်ဖြင့် ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့သည်ဟု သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ကာ နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ သာတူညီမျှရရှိစေရေးအတွက် ကိုဗက်အစီအစဉ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တိုက်ဖျက်ရာတွင် သမိုင်းဝင်ခြေလှမ်းဟု ဘရူနိုင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လာမည့်လအတွင်း နောက်ထပ် ကာကွယ်ဆေးများလည်း ဆက်လက် ရရှိသွားမည်ဟု ကျန်းမာရေးဝန်ကြီးက ဆက်လက် ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အက်စ်ထရာဇီနီကာ ကာကွယ်ဆေး ၂၄၀၀၀ ကို မေ ၂ ရက်က လက်ခံရရှိခဲ့ပြီး ဇွန်လအကုန်တွင် ကိုဗက်အစီအစဉ်မှ တစ်ဆင့် အက်စ်ထရာဇီနီကာ ကာကွယ်ဆေးများ နောက်ထပ် ရရှိမည်ဟု သိရသည်။

ဘရူနိုင်းနိုင်ငံသည် တိုင်းပြည်အတွင်း အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးမျိုးကို အတည်ပြုပေးခဲ့ပြီး အက်စ်ထရာဇီနီကာ၊ ဖိုက်ဇာနှင့် ဆီနိုဖမ်း ကာကွယ်ဆေးများ ဖြစ်သည်ဟု သိရသည်။

ကိုဗက် အစီအစဉ်မှ ပေးပို့သည့် ကာကွယ်ဆေးများအပြင် ဘရူနိုင်းနိုင်ငံသည် နှစ်ဖက်သဘောတူညီမှုမှတစ်ဆင့် ကာကွယ်ဆေးများ ရယူသွားမည်ဟု သိရသည်။

ဆင်ဟွာ




အက်စ်ထရာဇီနီကာ ကာကွယ်ဆေး။

# အသက် ၁၀၆ နှစ်အရွယ် ရုရှားအမျိုးသမီး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှု ခံယူ

မော်စကို မေ ၃

ရုရှားနိုင်ငံတွင် အသက် ၁၀၆ နှစ်အရွယ် အမျိုးသမီးကြီးမှာ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုကို ခံယူခဲ့သည်ဟု ရုရှားအာဏာပိုင်များက ပြောသည်။

စိုက်ပျိုးရေးလုပ်သားဟောင်းတစ်ဦးဖြစ်သူ အီလစ်ဇာဗီတာ ဘီွုင်းကိုဗာသည် သက်ကြီးစောင့်ရှောက်ရေးဂေဟာတွင် Sputnik-V ကာကွယ်ဆေးကို နှစ်ကြိမ်တိုင်တိုင် ထိုးနှံမှုခံယူခဲ့သည်ဟု တောင်ပိုင်း ဇော်ဂီဂတ် ဒေသတောင်ပိုင်းတွင် ကာကွယ်ဆေး ထိုးနှံပေးသူများက ပြောသည်။

ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးပြီးသည့်အခါ၌ ဘီွုင်းကိုဗာ၏အခြေအနေမှာ ကောင်းမွန်နေသည်ဟု သက်ကြီးစောင့်ရှောက်ရေးဂေဟာမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

သမ္မတ ဗလာဒီမာပူတင်၏ အုပ်ချုပ်ရေးအဖွဲ့သည် ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ခွင့်ပြုပေးခဲ့သည်။ သို့သော်လည်း ယခုအချိန်အထိ လူဦးရေ၏ ၅ ရာခိုင်နှုန်းကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကျော့ ထိုးပေးနိုင်သေးသည်။

လုံခြုံစိတ်ချရမှုအတွက် စိုးရိမ်ပြီး အချို့သောသူများကမူ ကာကွယ်ဆေးထိုးနှံမှုခံယူရန် စိုးရိမ်ပူပန်နေကြဆဲဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၉ ဒသမ ၁ သန်း လက်ခံရရှိ

အဒစ်အဘာဘာ မေ ၃

အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၉ ဒသမ ၁ သန်း လက်ခံရရှိခဲ့ပြီး အများစုမှာ ကိုဗက်အစီအစဉ်နှင့် ဆေးကုမ္ပဏီများနှင့် နှစ်ဖက်သဘောတူညီမှုမှရရှိသည့် ကာကွယ်ဆေးများဖြစ်သည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ မကြာသေးမီအချိန်အတွင်းက ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများတွင် ကာကွယ်ဆေးပေါင်း ၂၉ ဒသမ ၁ သန်းရရှိခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ၁၀ ဒသမ ၃ သန်းကို ကာကွယ်ဆေးထိုးပေးပြီးပြီဟု အာဖရိကသမဂ္ဂ၏ အထူးကျန်းမာရေးအဖွဲ့အစည်းဖြစ်သော အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

အသက် ၅၀နှင့်အထက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးလုပ်သားများကိုဦးစားပေးကာကာကွယ်ဆေးထိုးနှံပေးခဲ့သည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကသမဂ္ဂ၏ ကာကွယ်ဆေးရယူရေးလုပ်ငန်းအဖွဲ့နှင့် ဂျွန်ဆင်အင်န်ဂျွန်ဆင်တို့ကြားတွင်လည်း သဘောတူညီမှုပြုလုပ်ခဲ့ပြီး ယခုသီတင်းပတ်အစောပိုင်းတွင် ကာကွယ်ဆေးအတွက် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်ဟု သိရသည်။

သဘောတူညီမှုအရ ဂျွန်ဆင်အင်န်ဂျွန်ဆင်သည် အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၂၂၀ ကို ထောက်ပံ့ပေးမည်ဖြစ်ပြီး နောက်ထပ် ကာကွယ်ဆေး သန်း ၁၈၀ ဝယ်ယူမည်ဖြစ်သည်။



တောင်အာဖရိကနိုင်ငံရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို တွေ့ရစဉ်။

ကာကွယ်ဆေးများကို တောင်အာဖရိကနိုင်ငံ အက်စပန်ဘိုင်အိုဖန်းတွင် ထုတ်လုပ်သွားမည်ဖြစ်သည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှုမှာ ၄၂၈၆၃၉ ဦးရှိပြီး သေဆုံးသူမှာ ၁၁၃၁၄၂ ဦး ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# အာဂျင်တီးနားသမ္မတ အယ်လ်ဘာတို ဖာနန်ဒက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း တွစ်တာပေါ်တွင် ကြေညာ

ဗျူနိုအေရိစ် မေ ၃

အာဂျင်တီးနားသမ္မတ အယ်လ်ဘာတို ဖာနန်ဒက်က မေ ၃ ရက်အစောပိုင်းက ၎င်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တွစ်တာပေါ်တွင် ကြေညာခဲ့သည်။

အဖျား ၃၇ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်ရှိပြီး ခေါင်းအနည်းငယ်ကိုက်သောကြောင့် ကိုဗစ်-၁၉ စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည်ကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း သမ္မတက ပြောကြားခဲ့သည်။

သောကြာနေ့က အသက် ၆၂ နှစ်ပြည့်ခဲ့သော ဖာနန်ဒက်က မိမိအနေဖြင့် ပေါ်လီမာစမ်းသပ်စစ်ဆေးအတည်ပြုချက်ကို စောင့်ဆိုင်းနေသော်လည်း သီးသန့်ခွဲခြား နေထိုင်လျက်ရှိကြောင်းနှင့် လက်ရှိကျန်းမာရေးလုပ်ထုံးလုပ်နည်းများအားလုံးကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

မိမိအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကောင်းမွန်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှုမရှိဟူသည့် သတင်းမျိုးဖြင့် မွေးနေ့ကို ပြီးဆုံးချင်သော်လည်း ဆန္ဒမပြည့်ဝခဲ့ကြောင်း၊ စိတ်ပိုင်းဆိုင်ရာအခြေအနေများလည်း ကောင်းမွန်လျက်ရှိကြောင်း သမ္မတက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အလွန်သတိထားနေထိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာပြီးနောက် လူတိုင်း လူတိုင်း မိမိကိုယ်မိမိ ၎င်းတို့ကောင်းမွန်စွာ စောင့်ရှောက်ကြရန် လိုအပ်ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ပြီးဆုံးခြင်းမရှိသေးသည်ကို ပြသလျက်ရှိကြောင်း၊ မိမိတို့ကိုယ်တိုင် မိမိတို့ ကာကွယ်မှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်ကြောင်း သမ္မတက ထပ်လောင်းပြောကြားသည်။

အာဂျင်တီးနားနိုင်ငံတွင် သောကြာနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၉၀၂ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၇၃၁၅၃ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၈၂ ဦးတိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာလည်း ၅၆၀၂၃ ဦး ဖြစ်လာသည်။ ဆင်ဟွာ



အာဂျင်တီးနားသမ္မတ အယ်လ်ဘာတို ဖာနန်ဒက်။

# တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ်ကို ဂျော်ဂျီယာလက်ခံရရှိ

တီဘီလီစီ မေ ၃

ဂျော်ဂျီယာနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို လျှော့ချဖြတ်တောက်ရန် နောက်ဆုံးကြိုးပမ်းအားထုတ် ဆောင်ရွက်နေစဉ် တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို မေ ၃ ရက်က လက်ခံရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဆီနိုဖမ်းအုပ်စုက ထုတ်လုပ်သော အသစ်ရောက်ရှိလာသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဂျော်ဂျီယာနိုင်ငံတွင် အသုံးပြုလျက်ရှိသော တတိယ ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစား ဖြစ်သည်။




ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့ တီဘီလီစီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သယ်ဆောင်ရန် ဆောင်ရွက်နေစဉ်။

အဆိုပါ ကာကွယ်ဆေးကို နိုင်ငံပေါင်း ဒါဇင်ကျော်က လက်ရှိအသုံးပြုလျက်ရှိကြောင်း ဂျော်ဂျီယာ ဒုတိယကျန်းမာရေးဝန်ကြီး တာမာဂါဘူနီယာက ဒေသမီဒီယာသို့ မေ ၃ ရက်က ပြောကြားလိုက်သည်။

ကာကွယ်ဆေးကို သင့်လျော်သောလေ့လာမှုများ ပြုလုပ်ပြီးနောက် ကောင်းမွန်သော ရလဒ်များရရှိကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

ကိုဗက်အစီအစဉ်မှ ပထမဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရရှိပြီးနောက် ဂျော်ဂျီယာနိုင်ငံသည် မတ် ၁၅ ရက်က တစ်နိုင်ငံလုံးအဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများဆောင်ရွက်ခဲ့သည်။

အစိုးရ၏ အစီအစဉ်အရ ကျန်းမာရေးကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမဆုံး ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဂျော်ဂျီယာနိုင်ငံသည် ၂၀၂၁ ခုနှစ်ကုန်တွင် နိုင်ငံ၏ လူဦးရေ အနည်းဆုံး ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားသည်။

မေ ၃ ရက်က ဂျော်ဂျီယာနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၀ ရှိလာပြီးနောက် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၃၃၆၉ ဦး ရှိလာခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးဆိုင်ရာ ဂျော်ဂျီယာအမျိုးသားဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။ ဆင်ဟွာ

## အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ စတုတ္ထအကြိမ် ကူးစက်ဖြစ်ပွားလာသည့်အပေါ် အီရန်သမ္မတ သတိပေး

တီဟီရန် မေ ၃

ကိုဗစ်-၁၉ စတုတ္ထအကြိမ် ဖြစ်ပွားလာသည်ကို ပြည်နယ်နှစ်ခုတွင် တွေ့ရှိခဲ့ကြောင်း မေ ၃ ရက်က အီရန်သမ္မတ ဟက်ဆန် ရိုဟာနီက ပြောကြားခဲ့သည်ဟု အိုင်အာအင်န်အေ သတင်းအေဂျင်စီ တွင် ဖော်ပြခဲ့သည်။

တခြားပြည်နယ်များမှ ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို မလိုက်နာပါက ၎င်းတို့သည် ကိုဗစ်-၁၉ စတုတ္ထအကျော့ဒဏ်ကို ခံစားရမည်ဖြစ်ကြောင်း ရိုဟာနီက သတိပေးပြောကြားလိုက်သည်။ စာရင်းဇယားဖော်ပြချက်များအရ ကျန်းမာရေး လမ်းညွှန်ချက် များကို လိုက်နာမှုများ နည်းလာကြောင်း ၎င်းက သတိပေးလိုက်သည်။

မေ ၃ ရက်က အီရန်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၄၂၀ တိုးလာကြောင်း ဖော်ပြလိုက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၂၀၃၉၄ ဦးအထိ ရောက်ရှိလာကြောင်း ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အီရန်နိုင်ငံတွင် လူပေါင်း ၆၂၉၉၉ ဦး သေဆုံးခဲ့ကြောင်းအီရန်ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာပညာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဆီမာ ဆာဒက် လာရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ဆင်ဟွာ

# တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်တိုးလာသောကြောင့် ကိုဗစ်-၁၉ ကန့်သတ်ဆောင်ရွက်ချက်များ ပိုမိုတင်းကျပ်

အင်ကာရာ မေ ၃

တူရကီနိုင်ငံတွင် မကြာသေးမီက နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်တိုးလာသောကြောင့် ကိုဗစ်-၁၉ ကန့်သတ်ဆောင်ရွက်ချက်များကို ပိုမိုတင်းကျပ်လိုက်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက ၎င်း၏ တွစ်တာအကောင့်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတိုးလာခြင်း၏ အဓိကအကြောင်းရင်း မှာ ကိုဗစ်- ၁၉ အသွင်ပြောင်းမျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုတိုးလာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနက လွန်ခဲ့သော ၂၄ နာရီအတွင်းက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူပေါင်း ၄၂၃၀၈ ဦး တိုးလာကြောင်း၊ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ကြောင်း သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၃ ဒသမ ၃ သန်း ကျော်လွန်လာခဲ့သလို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးသူပေါင်းမှာလည်း ၃၁၈၉၂ ဦးအထိ ရောက်ရှိလာသည်။ လတ်တလောတွင် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေဖြစ်နေသူ ၂၁၈၂ ဦး ရှိသည်။

မတ်လက နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ၁၀၀၀၀ အောက် ကျဆင်းခဲ့သည်။ လွန်ခဲ့သော နိုဝင်ဘာလက ကိုဗစ်-၁၉ ဒုတိယအကြိမ် ရိုက်ခတ်ချိန်တွင် ချမှတ်ခဲ့သော ကန့်သတ်ချက်များကို လျှော့ပေါ့ပေးခဲ့သလို စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကဲ့သို့သော စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ သို့သော်လည်း ပုံမှန်လုပ်ငန်းစဉ်များကို ယခုအခါတွင် ထိန်းချုပ်ကန့်သတ်ရတော့မည် ဖြစ်သည်။

ဇန်နဝါရီ ၄ ရက်က တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု အစီအစဉ် စတင်ခဲ့ပြီး ကိုဗစ်-၁၉ ဆေးအလုံးရေ ၁၆ ဒသမ ၁ သန်း ထိုးပေးနိုင်ခဲ့ကြောင်း တရားဝင်စာရင်းဇယားများအရ သိရသည်။

နိုင်ငံအတွင်း လူပေါင်း ၈၃ သန်းတွင် ၉ ဒသမ ၂ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ကြောင်း သိရပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူပေါင်း ၆ ဒသမ ၉ သန်းကျော်အား ထိုးနှံပေးပြီးပြီဖြစ်သည်။ ဆင်ဟွာ



တူရကီနိုင်ငံမြို့တော် အင်ကာရာတွင် အမျိုးသမီးများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ပြီး မိုးရွာထဲတွင် လမ်းလျှောက်နေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် ခရိုင်အချို့တွင် တင်းကျပ်မှုများလုပ်ဆောင်

## ကေကေစိုး

ဂျပန်နိုင်ငံရှိ ခရိုင်အများစုတွင် ကိုဗစ် -၁၉ ကူးစက်မှုများ ပြန်လည်များပြားလာသည်ကို တွေ့ရသည်။ အချို့သောအုပ်ချုပ်ရေးမှူးများက မိမိတို့တိုင်းပြည်သည် ကိုဗစ် -၁၉ စတုတ္ထအကြော့နှင့် ရင်ဆိုင်နေရသည်ဟု သတိပေးထားကြသည်။ အနောက်ပိုင်းခရိုင်ဖြစ်သည့် အိုဆာကာတွင် မတ် ၂၉ ရက်က ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၁၃ ဦးတွေ့ရှိခဲ့ပြီး နှစ်လတာကာလအတွင်း ယင်းပမာဏမှာ အများဆုံးပမာဏပင်ဖြစ်သည်ဟု သိရသည်။



မီယာဂီခရိုင်ရှိ ဈေးဝယ်စင်တာတွင် ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

### တဖြည်းဖြည်းချင်းများပြားလာ

အဆိုပါခရိုင်တွင် အရေးပေါ်အခြေအနေ ကြေညာမှုကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ကြေညာခဲ့ပြီး ယင်းအချိန်မှစတင်ကာ ကိုဗစ် - ၁၉ ကူးစက်ခံရမှုနှုန်းမှာ တဖြည်းဖြည်းချင်း များပြားလာခဲ့သည်။ ခြေရာခံလို့မရသည့် ကူးစက်မှုများ ပေါ်ပေါက်လာပြီးနောက် အိုဆာကာတွင် ဒေသတွင်းကူးစက်မှုများ ဖြစ်ပွားနေသည်ဟု အိုဆာကာအုပ်ချုပ်ရေးမှူး ယိုရှီမူရာ ဟီရိုဖူမီက ပြောသည်။ ကိုဗစ် - ၁၉ ကူးစက်မှုစတုတ္ထအကြော့နှင့် ရင်ဆိုင်ရတော့မည်ဟု ယူဆကြောင်း ၎င်းက ပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေအဖြစ် နောက်တစ်ကြိမ်ထပ်ပြီး ကြေညာစရာမလိုဘဲ တင်းကျပ်သည့် ကိုဗစ်- ၁၉ စည်းကမ်းချက်များ ချမှတ်နိုင်ရေး ဗဟိုအစိုးရထံလုပ်ပိုင်ခွင့်တောင်းဆိုရန် ၎င်းက စီစဉ်ထားသည်။ တင်းကျပ်သည့် စည်းကမ်းချက်များတွင် စောစီးစွာ ဆိုင်ပိတ်ရန် အမိန့်ကို လိုက်နာခြင်းမရှိသည့် ဆိုင်ပိုင်ရှင်များကို ဒဏ်ငွေချမှတ်ခြင်းတို့လည်း ပါဝင်လာနိုင်သည်။ တိုကျိုမြို့သည် အရေးပေါ်အခြေအနေ ရုပ်သိမ်းသည်ဟု ကြေညာပြီး နောက်တစ်ပတ်အကြာကတည်းကပင် နောက်ထပ်ကူးစက်မှုများ များပြားလာသည်ကို တွေ့မြင်နေရသည်။ မတ် ၂၉ရက်တွင် တိုကျိုမြို့၌ နောက်ထပ်ကူးစက်ခံရသူ ၂၃၄ ဦးထပ်မံ တွေ့ရှိခဲ့သည်။ ကူးစက်မှုနှုန်းများနေသည်မှာ ၁၀ ရက်ဆက်တိုက်ရှိခဲ့ခြင်း ဖြစ်သည်။

### မလိုအပ်ဘဲ ခရီးထွက်ခြင်းမပြုရန် တောင်းဆို

ကူးစက်မှုနှုန်းများပြားနေသည်မှာ တိုကျိုမြို့ဧရိယာတစ်ဝိုက်တွင်ပင် မဟုတ်ပေ။ အရှေ့မြောက်ပိုင်းခရိုင် ယာမာဂါတာနှင့် မီယာဂီတို့တွင်လည်း ကူးစက်မှုများ များပြားနေသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ ကူးစက်မှု များပြားလာမှုကို ထိန်းချုပ်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများသည် ခရိုင်အတွင်းရှိ စားသောက်ဆိုင်များကို ဆိုင်ဖွင့်ချိန်လျှော့ချပြီး စောစီးစွာ ဆိုင်ပိတ်ရန် တောင်းဆိုခဲ့သည်။ ယာမာဂါတာ အုပ်ချုပ်ရေးမှူး ယိုရှီမူရာမီကိုက ခရိုင်အတွင်း နေထိုင်ကြသည့် ပြည်သူများ မလိုအပ်ဘဲ မီယာဂီခရိုင်သို့ ခရီးထွက်ခြင်းမပြုကြရန်လည်းတောင်းဆိုခဲ့သည်။ အဆိုပါ ဒေသနှစ်ခုမှာ စီးပွားရေးအရ ကူးလူးဆက်ဆံမှုများသည်။

### ရှုန်းကန်နေရ

ယခုအချိန်တွင် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းမှာ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်ရေးစနစ်များ ပြိုလဲမသွားရေးပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် ရောဂါကူးစက်မှုထိန်းချုပ်ရေးအတွက် ဒေသခံများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ ယာမာဂါတာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း ခေါင်းဆောင် နာကာနိုမီချီယုကီကလည်း ယခုအချိန်၌ ခရိုင်အတွင်း စီမံခန့်ခွဲမှုများနှင့် ရှုန်းကန်နေရသည်ဟု ပြောသည်။ အခြားသောမြို့ကြီးများကဲ့သို့ ဆေးဘက်ဆိုင်ရာ အရင်းအမြစ်များလည်း မကြွယ်ဝဟု ၎င်းက ပြောသည်။ ဆေးရုံသို့ ပုံမှန်ပြသနေသူများကို ရက်ရွှေ့ဆိုင်းခဲ့ပြီး ယာမာဂါတာမှာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ထောက်လှမ်းခန့်မှန်းခဲ့ကြ

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်မှာလည်း ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ပြီဖြစ်သည်။ ဖေဖော်ဝါရီလကတည်းက စတင်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများတွင် ကာကွယ်ဆေးထိုးနှံပေးမှုများ စတင်ပေးခဲ့သည်။ သို့သော်လည်း အရပ်သားများကို ကာကွယ်ဆေးထိုးပေးမှုမှာမူ ဧပြီလအတွင်းမှ စတင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ဧပြီ ၁၂ ရက်မှ စတင်ကာ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။ သို့သော်လည်း Tsukuba တက္ကသိုလ်မှ သုတေသီအုပ်စုက ကိုဗစ် -၁၉

“ကူးစက်မှုနှုန်းများပြားနေသည်မှာ တိုကျိုမြို့ဧရိယာတစ်ဝိုက်တွင်ပင် မဟုတ်ပေ။ အရှေ့မြောက်ပိုင်းခရိုင် ယာမာဂါတာနှင့် မီယာဂီတို့တွင်လည်း ကူးစက်မှုများ များပြားနေသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ ကူးစက်မှု များပြားလာမှုကို ထိန်းချုပ်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများသည် ခရိုင်အတွင်းရှိ စားသောက်ဆိုင်များကို ဆိုင်ဖွင့်ချိန်လျှော့ချပြီး စောစီးစွာ ဆိုင်ပိတ်ရန် တောင်းဆိုခဲ့သည်”

ကာကွယ်ဆေး စတင်ထိုးနှံစဉ်ကာလအတွင်း ကူးစက်မှုနှုန်းကို အနည်းငယ်သာ သက်ရောက်မှုရှိမည်ဟု သတိပေးခဲ့သည်။ တိုကျိုတွင် ကူးစက်မှုမည်မျှရှိလာနိုင်သည်ကိုလည်း အဆိုပါအဖွဲ့က ထောက်လှမ်း ခန့်မှန်းခဲ့ကြသည်။

### သိသိသာသာလျော့ချနိုင်ခြင်း တွေ့ရမည်မဟုတ်

ကာကွယ်ဆေးမထိုးထားဘဲ တိုကျို၌ မေလလယ်တွင် နေ့စဉ်ကူးစက်မှု ၁၈၅၀ အထိရှိလာနိုင်သည်ဟု အဆိုပါအဖွဲ့က ခန့်မှန်းထားသည်။ အကယ်၍ သက်ကြီးရွယ်အို ၃၅၀၀၀ ကို နေ့စဉ်ကာကွယ်ဆေး ထိုးပေးနိုင်မည်ဆိုလျှင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၆၅၀ ရှိလာမည်ဟု ယင်းအဖွဲ့ ပြောကြားခဲ့သည်။ အကယ်၍ အစိုးရကသာ နေ့စဉ်လူပေါင်း ၁၁၅၀၀၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ပါက ကူးစက်မှုနှုန်းမှာ ၁၅၄၀ အထိလျော့ကျနိုင်သည်။ ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။ အဆိုပါပရောဂျက်ကို ဦးဆောင်သူ ပါမောက္ခ ကူရာဟာရှိ ဆက်ဆူရာကမူ ကာကွယ်ဆေးထိုးပေးခြင်းအစီအစဉ်များကို ချောမွေ့စွာလုပ်ဆောင်နိုင်လျှင်ပင် ဇူလိုင်လမတိုင်မီအချိန်အထိ ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်မှာ ကူးစက်မှုများကို သိသိသာသာလျှော့ချနိုင်ခြင်းကို တွေ့ရှိရမည် မဟုတ်သေးဟု ခန့်မှန်းခဲ့သည်။

### ပိုမိုတင်းကျပ်သည့်စည်းကမ်းများ ချမှတ်သွားမည်

ပြည်သူများအနေဖြင့် ကိုဗစ် -၁၉ ကို ပေါ့ဆခြင်းမရှိဘဲ လုပ်ဆောင်ရမည့်ကာကွယ်ရေးအစီအမံများကို ဆက်လက် လိုက်နာဆောင်ရွက်ရမည်ဟုလည်း ၎င်းကပြောကြားခဲ့သည်။ ကိုဗစ် - ၁၉ ထိန်းချုပ် ကာကွယ်ရေးအတွက် စည်းကမ်းချက်များအတိုင်း လိုက်နာရန်မှာလည်း အရေးကြီးသည့်အရာဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရောဂါကူးစက်မှုကာကွယ်ရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ ကြိုတင်ကာကွယ်ရေးနည်းလမ်းပင်ဖြစ်သည်ဟု ၎င်းကပြောသည်။ ဂျပန်အစိုးရသည် ဧပြီ ၁ ရက်တွင် အိုဆာကာ၊ မီယာဂီနှင့် ဟယိုဂိုတို့တွင် ပိုမိုတင်းကျပ်သည့် ကိုဗစ် -၁၉ စည်းကမ်းများကို ချမှတ်သွားမည်ဟုကြေညာခဲ့သည်။

### ဒဏ်ရိုက်သွားမည်

စောစီးစွာဆိုင်ပိတ်ရန် လိုက်နာခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းများကိုဒဏ်ရိုက်ခြင်းတို့ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းစည်းကမ်းသတ်မှတ်ချက်မှာ ဧပြီ ၅ ရက်တွင် စတင်မည်ဟု သိရသည်။ အရေးပေါ်အခြေအနေ နောက်ထပ်ကြေညာရခြင်းမှရှောင်ရှားနိုင်ရန်အတွက် ယခုလိုစည်းကမ်းချက်များ တင်းကျပ်ရခြင်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲက သတင်းထောက်များကို ပြောကြားခဲ့သည်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂–၅–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃–၅–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၁,၇၄၈) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၉၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၃) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၃-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၃၁၈၄၇၀ | ၂၃၈၂၆၁၅၈ | ၅၆၇၆၈၀ |
| ၂။ | ဘရာဇီး | ၁၂၉၁၂၃၇၉ | ၁၁၂၇၆၆၂၈ | ၃၂၈၃၆၆ |
| ၃။ | အိန္ဒိယ | ၁၂၄၆၈၅၇၁ | ၁၁၆၁၈၉၆၂ | ၁၆၄၅၃၄ |
| ၄။ | ပြင်သစ် | ၄၇၄၁၇၅၉ | ၂၉၇၇၃၄ | ၉၆၂၈၀ |
| ၅။ | ရုရှား | ၄၅၇၂၀၇၇ | ၄၁၉၅၈၆၉ | ၁၀၀၀၁၇ |
| ၆။ | ဗြိတိန် | ၄၃၅၇၀၉၁ | ၃၈၇၃၄၈၇ | ၁၂၆၈၂၆ |
| ၇။ | အီတလီ | ၃၆၂၉၀၀၀ | ၂၉၅၃၃၇၇ | ၁၁၀၃၂၈ |
| ၈။ | တူရကီ | ၃၄၀၀၂၉၆ | ၃၀၅၉၄၆၂ | ၃၁၈၉၂ |
| ၉။ | စပိန် | ၃၂၉၁၃၉၄ | ၃၀၅၄၇၂၅ | ၇၅၅၄၁ |
| ၁၀။ | ဂျာမနီ | ၂၈၇၄၃၇၁ | ၂၅၆၀၄၀၀ | ၇၇၄၃၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃– ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၂၇၅၂၄ | ၁၃၆၆၂၁၄ | ၄၁၂၄၂ |
| ဖိလစ်ပိုင် | ၇၈၄၀၄၃ | ၆၀၄၉၀၆ | ၁၃၄၂၃ |
| မလေးရှား | ၃၄၉၆၁၀ | ၃၃၃၈၉၂ | ၁၂၈၆ |
| မြန်မာ | ၁၄၂၄၉၇ | ၁၃၁၈၁၃ | ၃၂၀၆ |
| စင်ကာပူ | ၆၀၄၆၈ | ၆၀၁၈၅ | ၃၀ |
| ထိုင်း | ၂၉၀၃၁ | ၂၇၆၆၈ | ၉၅ |
| ကမ္ဘောဒီးယား | ၂၆၄၅ | ၁၅၈၅ | ၁၉ |
| ဗီယက်နမ် | ၂၆၂၆ | ၂၃၈၃ | ၃၅ |
| ဘရူနိုင်း | ၂၁၄ | ၁၉၇ | ၃ |
| လာအို | ၄၉ | ၄၆ | ၀ |

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ်၀၆၇–၈၁၀၃၃၄၇၊ ၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# စက်ရုံတွေ လုပ်ငန်းလည်ပတ်နိုင်အောင် ဒီစက်ရုံတွေမှာရှိတဲ့ ဝန်ထမ်းတွေရဲ့လစာ၊ သူတို့အတွက် လုံခြုံမှု၊ သယ်ယူပို့ဆောင်ရေး၊ သွားလာရေး ဒါတွေပါ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကူညီဆောင်ရွက်ပေးနေတဲ့ အနေအထားတစ်ခုကို သွားနေပါတယ်

**ဦးရဲမင်းအောင်**


■ တွေ့ဆုံမေးမြန်း - စိမ်းခက်၊ လင်းလတ်/ ဓာတ်ပုံ - ကိုရဲ

စက်မှုဇုန်များရှိ လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေသည့် သတင်းအချက်အလက်များနှင့် တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဧပြီ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ပြုလုပ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။


ဦးမိုးမြင့်


ဦးရဲမင်းအောင်


ဦးနေလင်းဇင်


ဦးရွှေထူး

**ဦးမိုးမြင့်**
**(ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးကော်မတီ အတွင်းရေးမှူး)**

ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးကော်မတီကို (၂၁-၂-၂၀၂၁) ရက်နေ့မှာ အဖွဲ့ဝင် ၂၂ ဦးနဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီကို (၂၂-၂-၂၀၂၁) ရက်နေ့ကစတင်ပြီး လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းတွေမှာ နှောင့်နှေးကြန့်ကြာမှု အခက်အခဲများမရှိစေရေး၊ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းကော်မတီကို ၂၃-၂-၂၀၂၁ ရက်နေ့က စတင်ပြီး ရန်ကုန်မြို့မှာ အခြေပြုပြီး စက်သုံးဆီ၊ စားအုန်းဆီ၊ ဆေး၊ ဓာတ်မြေဩဇာ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ စက်မှုဇုန်နဲ့ CMP လုပ်ငန်းရှင်များ၊ ဆန်၊ ပဲ ပို့ကုန်လုပ်ငန်းရှင်များနဲ့ တွေ့ဆုံ၍ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်တွေ၊ ဘဏ်ပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ ဆိပ်ကမ်းဆိုင်ရာကိစ္စရပ်တွေ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်တွေ၊ ကုန်သေတ္တာတင်ယာဉ် ငှားရမ်းနိုင်ရေးဆိုင်ရာကိစ္စရပ်များစတဲ့ ကိစ္စရပ်တွေကို သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒ့ါအပြင် ပြည်တွင်း/ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းတွေမှာ အထောက်အကူ ဖြစ်စေရေးအတွက် ဘဏ်ပိုင်းဆိုင်ရာ One Service Bank အဖွဲ့ကို ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီကနေ (၁၆-၃-၂၀၂၁)ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီး ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ လုပ်ငန်းကော်မတီအနေနဲ့ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများမှာ နှောင့်နှေးကြန့်ကြာနေမှုတွေ အခက်အခဲတွေ မရှိစေရေး၊ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဆောင်ရွက်ပေးလျက်ရှိတာကြောင့် ပြည်တွင်း၊ ပြည်ပ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများအနေနဲ့ ဖြစ်ပေါ်တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို အချိန်အခါမရွေး ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အခမ်းအနားကလည်း စက်မှုဇုန်များမှာရှိတဲ့ လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များလိုအပ်နေတဲ့သတင်းအချက်အလက်တွေ တွေ့ကြုံနေတဲ့ အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက် ပေးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

**ဦးရဲမင်းအောင်**
**(ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ)**

ဒီနေ့ဆွေးနွေးပွဲက စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေမှာ ဝန်ထမ်းတွေ လုပ်ခလစာပေးဖို့ အလုပ်ရုံတွေရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်း ကုန်သွယ်မှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့ဖို့ တစ်ဖက်မှာလည်း လုံခြုံရေးကိစ္စရပ်တွေ ရှိတယ်။ ဦးစားပေးပြီး ဆောင်ရွက်နေတာကတော့ စက်ရုံဝန်ထမ်းတွေရဲ့ လုပ်ခလစာ ဖြစ်ပါတယ်။ စက်ရုံဝန်ထမ်းတွေ အားလုံးက လစာရရှိမှ စားဝတ်နေရေး အဆင်ပြေမှာဖြစ်တော့ ဖေဖော်ဝါရီလ လစာကို ဘဏ်တွေနဲ့ ညှိနှိုင်းပြီးတော့ ထုတ်ပေးနိုင်အောင်စီစဉ်ခဲ့တယ်။ မတ်လ ၁၀ ရက်နေ့မှ လစာထုတ်ပေးနိုင်တဲ့ စက်ရုံတွေလည်းရှိပါတယ်။ ဖေဖော်ဝါရီလ လစာကို အခုချိန်အထိ မရသေးတာ လည်းရှိပါတယ်။ အခြေခံအကျဆုံး အလုပ်သမား ပြည်သူလူထုအတွက် လုပ်ခလစာက အရေးကြီးပါတယ်။ ဖေဖော်ဝါရီလမှာ တွေ့ကြုံခဲ့တဲ့ အခက်အခဲတွေကိုအခြေခံပြီး အခု မတ်လ လစာကိုလည်း ဧပြီလ ၅ ရက်နေ့ ထုတ်ပေးနိုင်အောင် အလုပ်သမားများတဲ့ စက်ရုံတွေကိုတော့ ဧပြီလ ၁၀ ရက်နေ့နောက်ဆုံးထားပြီး ထုတ်ပေးနိုင်အောင် ဘဏ်များအသင်းနဲ့ ကုန်သည်စက်မှုအသင်းချုပ်နဲ့ စက်ရုံအလုပ်ရုံတွေညှိနှိုင်းပြီး လစာထုတ်ပေးနိုင်မယ့် နည်းလမ်းတွေကို ညှိနှိုင်းဆွေးနွေးပြီး စီစဉ်တဲ့ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒါကို စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရယ် ပုဂ္ဂလိကဘဏ်တွေ ကုန်သည်အသင်းအဖွဲ့တွေရယ် စက်မှုဇုန်တွေရယ် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနလည်း ပါပါတယ်။

လတ်တလောစီးပွားရေးမှာကြုံတွေ့နေရတဲ့ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ လုံခြုံရေးကအစပေါ့။ သယ်ယူပို့ဆောင်ရေး၊ သွားလာရေးက အစ အခြေခံအကျဆုံး ခုနကတင်ပြသလိုပါပဲ အလုပ်သမားတွေရဲ့လစာက အရေးကြီးပါတယ်။ နောက်တစ်ခုက ဆိပ်ကမ်းတွေမှာရောက်ရှိနေတဲ့ တချို့ကွန်တိန်နာတွေဆို ဇန်နဝါရီလကတည်းက ရောက်ရှိနေတာပါ။ ကွန်တိန်နာတွေနဲ့ ရောက်ရှိလာတဲ့ ဆေးဝါးတွေ၊ လူသုံးကုန်ပစ္စည်းတွေဆို မထုတ်နိုင်သေးတာ ၂လလောက်ရှိလာပြီ။ ဒါက ပြည်တွင်းမှာ ကုန်စည်ဈေးနှုန်းတွေ တက်လာနိုင်တယ်။ ဆေးဝါးပြတ်လပ်တာတွေ ဖြစ်လာနိုင်တယ်။ အခုလိုအချိန်မှာ ရောက်ရှိထားပြီးသားဖြစ်တဲ့ ကွန်တိန်နာတွေ ထုတ်ဖို့ နောက်တစ်ခုက ပြည်ပကို တင်ပို့ဖို့လုပ်နေတဲ့ စားသောက်ကုန်စည်တွေ၊ ပြည်တွင်းအတွက် တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးပစ္စည်းတွေ၊ ဓာတ်မြေဩဇာတွေ ဒီလုပ်ငန်းစဉ်တွေလည်း ရှိပါတယ်။ လတ်တလောဦးစားပေးပြီးတော့ ဖြေရှင်းပေးနေတာကတော့ ဘဏ်စနစ်ရဲ့ အကန့်အသတ်တွေ။ ဘဏ်တွေ မဖွင့်နိုင်သေးတဲ့ အခြေအနေမှာ ဘဏ်တွေကလည်း လစာပေးဖို့ ဦးစားပေး စီစဉ်ပေးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စက်ရုံအလုပ်ရုံတွေမှာရှိတဲ့ အလုပ်သမားကတော့ ပိုပြီးတော့ အရေးကြီးတဲ့အတွက် သူတို့ကို ဦးစားပေးပြီး လစာပေးနိုင်အောင် ညှိနှိုင်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

အခုကာလကတော့ အားလုံးအခက်အခဲတွေနဲ့၊ စိုးရိမ်ပူပန်မှုတွေနဲ့၊ ပူပန်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုယ့်ရဲ့စက်ရုံဝန်ထမ်းတွေ လုပ်ငန်းတွေက တော်တော်ကိုအရေးကြီးတယ်လို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ယူဆကြတယ်။ ဒါကြောင့် ကျွန်တော်တို့က တတ်နိုင်သမျှ လုပ်ငန်းဆောင်ရွက်နေတဲ့စက်ရုံတွေ လုပ်ငန်းလည်ပတ်နိုင်အောင် ဒီစက်ရုံတွေမှာရှိတဲ့ ဝန်ထမ်းတွေရဲ့လစာ၊ သူတို့အတွက် လုံခြုံမှု၊ သယ်ယူပို့ဆောင်ရေး၊ သွားလာရေး ဒါတွေပါ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကူညီဆောင်ရွက်ပေးနေတဲ့ အနေအထားတစ်ခုကို သွားနေပါတယ်။ တတ်နိုင်သမျှ ပြည်သူလူထုအတွက် ကုန်စည်နဲ့ဝန်ဆောင်မှုတွေကို ပြည်တွင်းမှာ စားသုံးနိုင်အောင်၊ ဒီလို ဝယ်ယူစားသုံးတဲ့ နေရာမှာလည်း ကုန်စည်ဈေးနှုန်းတွေက အလွန်ကြီးမယ်ဆိုရင် အခြေခံပြည်သူလူထုတွေအပေါ် ဝန်ထုပ်ဝန်ပိုးတွေ မဖြစ်အောင်၊ ဒါတွေကို တတ်နိုင်သမျှ ကုန်သည်စက်မှု အသင်းချုပ်ဘက်က ညှိနှိုင်းပြီးတော့ ပေါင်းစပ်ကူညီပေးပါတယ်။ အကုန်လုံး စင်းလုံးချောတော့ မဖြစ်ပါဘူး။ ဒါပေမယ့်လည်း လုပ်လို့ရသမျှ ညှိနှိုင်းကူညီဆောင်ရွက်ပေးနေတဲ့ အနေအထား ဖြစ်ပါတယ်။

**ဦးနေလင်းဇင်**
**(ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အထွေထွေအတွင်းရေးမှူး)**

အခုက စက်မှုလုပ်ငန်းရှင်တွေ၊ စက်ရုံတွေမှာရှိတဲ့ လုပ်ငန်းတွေအတွက် အဓိကလစာပေါ့။ လကုန်တဲ့အချိန်မှာ ပြီးခဲ့တဲ့လစာ ဖေဖော်ဝါရီလအတွက် ထုတ်လို့မရသေးတာတွေ ဒီလအတွက် ကြိုတင်ပြင်ဆင်ထားတဲ့ လမကုန်ခင် ၂၃၊၂၄ ရက်နေ့မှာ ကြိုတင်ပြင်ဆင်ထားပြီး လကုန်တဲ့အထိ လစာပေးလို့ ထုတ်လို့မရတဲ့အနေအထားတွေ၊ လေဘာလုပ်ငန်းတွေဖြစ်တဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ လစာကို လဆန်း ၅ ရက်နေ့မှပေးရမှာ။ ၃၁ ရက်ပြီးတော့ ၁ ရက်နေ့က ဘဏ်ပိတ်တယ်။ ၂ ရက်နေ့ဖွင့်တယ်။ ပိတ်ရက်တွေကြားထဲမှာ လစာပြဿနာနဲ့ ဘဏ်တွေကနေ ငွေကြေးထုတ်ယူရရှိနိုင်ဖို့၊ လစာပေးဖို့ ငွေကြေးဘယ်နေရာတွေကနေ ထုတ်ယူရရှိနိုင်မလဲဆိုတာ အခက်အခဲဖြစ်နေပါတယ်။ နောက်တစ်ခု လစာအပြင် ကုန်ကြမ်းကနေ ကုန်ချောထုတ်တဲ့စက်ရုံတွေ တော်တော်များများက

စာမျက်နှာ ၁၇ သို့

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများသို့ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် မေ ၃

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများသို့ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (ဒုတိယနေ့) ဆက်လက်ကျင်းပ

ရန်ကုန် မေ ၃

စက်မှုဇုန်များရှိ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေသည့် သတင်းအချက်အလက်များနှင့် တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (ဒုတိယနေ့)ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ ပုဂ္ဂလိကဘဏ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ ပြည်ပသင်္ဘောလိုင်းများမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အဖွင့် အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများ၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာတို့တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လုပ်ခလစာကိစ္စ၊ ပို့ကုန်အအေးခန်း ကုန်သေတ္တာစစ်ဆေးခြင်းဆိုင်ရာ အခက်အခဲများနှင့် လုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကုန်သွယ်မှုဆိုင်ရာ၊ ဘဏ်ပိုင်းဆိုင်ရာ၊ သင်္ဘောလိုင်းဆိုင်ရာ၊ စက်သုံးဆီတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲဖြစ်ပေါ်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာ အကြီးအကဲများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

စာမျက်နှာ ၁၆ မှ

ကုန်ဖိုး ငွေပေးချေရတဲ့ စရိတ်တွေ တခြားကုန်ကျစရိတ်တွေ ဒါတွေကို အသုံးပြုရပါတယ်။ အထည်ချုပ်စက်ရုံတွေက လစာထုတ်ပေးနိုင်ရုံနဲ့ လည်ပတ်လို့ရပေမယ့် တချို့စက်ရုံတွေက လစာထုတ်ပေးနိုင်ရုံနဲ့ လည်ပတ်လို့မရပါဘူး။ တခြားစက်ရုံတွေလည်း လည်ပတ်လို့ရအောင် ငွေကြေးလည်ပတ်နိုင်အောင် အဓိက ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမလဲ။ လက်ရှိ ရှိနေတဲ့ အခက်အခဲတွေမှာ ဘယ်လို ပိုမို လွယ်ကူလျင်မြန်လာအောင် ဘဏ်တွေနဲ့ အစိုးရဌာနဆိုင်ရာတွေနဲ့ လုပ်ငန်းရှင်တွေနဲ့ အားလုံး ဆောင်ရွက်ဖို့ဆိုတဲ့ အခင်းအကျင်းကို ပိုမိုလျင်မြန် လွယ်ကူအောင် ကြိုးစားဆောင်ရွက်ပေးဖို့ တင်ပြခဲ့ပါတယ်။

တချို့စက်ရုံတွေက လစာပေးဖို့ ချက်ချင်းအဆင်မပြေဘူး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းကြတယ်။ တချို့ကျတော့လည်း အပြင်ကနေ လှည့်ပတ်ငွေချေးပြီး ပေးကြရတယ်။ တချို့တွေက ဘဏ်ထဲမှာ ပိုက်ဆံတော့ရှိတယ်။ နိုင်ငံခြားက ဝင်လာတဲ့ပိုက်ဆံ။ ခက်တာက နိုင်ငံခြားကဝင်လာတဲ့ ပိုက်ဆံက ဘဏ်မှာ ထုတ်လို့မရဘူး။ ထုတ်မရတဲ့အခါကျတော့ ဝင်လာမယ့် ပိုက်ဆံကို ကိုယ့်အကောင့်ထဲက ထုတ်လို့မရဘူး။ အဲ့ဒီအတွက် လစာပေးလို့မရဘူး။ လစာပေးလို့ မရတဲ့အခါမှာ ပထမလတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းတယ်။ ဒုတိယလမှာတော့ ဒီဟာကို ဘယ်လိုဖြေရှင်းမလဲဆိုပြီး သက်ဆိုင်ရာ ညီနောင်အသင်းတွေ စက်မှုဇုန်ကော်မတီက တစ်ဆင့် စာတွေနဲ့တင်ပြပြီး ဖြေရှင်းတဲ့အခါမှာ စုစည်းပြီး OSS ကို တင်ထားတာ ရှိပါတယ်။ OSS ကို တင်ထားပေမယ့် ဒီလကုန်အထိ အဖြေမရသေးဘူး။ အဖြေမရသေးတဲ့အတွက် OSS ကို အကြံပြုပြီး ဒီဟာကို အချိန်နဲ့တစ်ပြေးညီ မြန်မြန်ဆန်ဆန် တွေ့ဆုံဖြေရှင်းပြီးတော့ အစည်းအဝေးလေးတစ်ခု ခေါ်ပေးပါ။ ခေါ်ပြီးတော့ ဒါလေးကို ဆောင်ရွက်ပေးပါလို့ တင်ပြတဲ့အခါ ဒီတွေ့ဆုံပွဲဖြစ်လာတာ ဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ဘာမှမလုပ်တာနဲ့စာရင် ဒီလိုမျိုး တွေ့ဆုံဆွေးနွေးပွဲမှာ ဌာနစုံထိစပ်ပြီး အခန်းတစ်ခုထဲမှာ၊တစ်နေရာတည်းမှာ မေးခွန်းတွေအများကြီး မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးကိုယ်တိုင် ဦးဆောင် ပြီး ညွှန်ကြားရေးမှူးချုပ်တွေကိုယ်တိုင် ဒီကတင်ပြတဲ့ အခက်အခဲတွေကို မှတ်သားပြီး အချိန်တိုအတွင်းမှာ ဖြေရှင်းဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် ကျွန်တော်တို့အတွက် ပိုမိုကောင်းမွန်တဲ့အနေအထားကိုရောက်လာတာပါ။ တစ်ခါတလေ ဒီဆွေးနွေးပွဲတွေက ဆောင်ရွက်ချက်တွေ တင်ပြချက်တွေက ကောင်းပါတယ်။ မြေပြင်မှာ အဆင်မပြေသေးတဲ့ လုပ်ငန်းရှင်တွေလည်း တွေ့နေရပါသေးတယ်။ တဖြည်းဖြည်းနဲ့ ပိုကောင်းလာမယ်လို့ ယူဆပါတယ်။

**ဦးရွှေထူး**
**(မြောင်းတကာစက်မှုဇုန် ဥက္ကဋ္ဌ)**




မြောင်းတကာ စက်မှုဇုန်မှာ စက်ရုံပေါင်း ၇၄ ရုံရှိတယ်။ လက်ရှိမှာ ပိတ်ထားတာ ၆ ရုံရှိပြီး ၆၈ ရုံကတော့ လုပ်ငန်းလည်ပတ်နေပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာ ကျွန်တော့်အနေနဲ့ လက်ရှိ ငွေရေးကြေးရေးပြဿနာ၊ အဓိက SME ပေါ့။ အဓိကက ကျွန်တော်တို့ စက်မှုဇုန်မှာ သံနဲ့သံမဏိစက်ရုံတွေ များပါတယ်။ ကျွန်တော်တို့ စက်မှုလုပ်ငန်းလုပ်လာတာ နှစ်ပေါင်း ၃၀ ကျော်ပါပြီ။ ဒါပေမယ့် အကုန်လုံးက ကုမ္ပဏီမှတ်ပုံတင်ထားတာရှိသလို မတင်ထားတာလည်း ရှိပါတယ်။ တချို့လုပ်ထားပေမယ့် ဘဏ်မှာ ကုမ္ပဏီ အကောင့်ဖွင့်ထားတာမရှိဘူး။ မရှိတဲ့အခါကျတော့ ဒီကနေ့မှာ ဘဏ်ကနေ ညွှန်ကြားထားတဲ့ တစ်ပတ်ကို ကိုယ်ပိုင်အကောင့်ဆိုရင် သိန်း ၂၀၊ ကုမ္ပဏီအကောင့်ဆိုရင် သိန်း ၂၀၀ ထုတ်လို့ရတယ်လို့ပြောတယ်။ ကျွန်တော်တို့ စက်မှုဇုန်လုပ်ငန်းရှင်တွေအနေနဲ့ ကုမ္ပဏီအကောင့် တော်တော်များများ မရှိကြဘူး။ ကုမ္ပဏီအကောင့်မရှိတဲ့အခါကျတော့ တစ်ပတ်ကို သိန်း ၂၀ ထုတ်လို့ရမယ်ဆိုတဲ့ကိစ္စက လွဲမှားနေတယ်လို့ ကျွန်တော်ကတော့ ဆွေးနွေးခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စက်မှုဇုန်တိုင်းမှာ နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီး ဖြစ်နေတဲ့ ဖယ်ရီကားတွေကြုံတဲ့ကိစ္စမှာ တင်ပြတယ်။ တစ်ခါမှလည်း ဒီလိုမကြုံဖူးဘူး။ စက်ရုံတစ်ခုရှိတာနဲ့ ကုမ္ပဏီတစ်ခု ဖြစ်ရမယ်လို့ သတ်မှတ်လို့မရဘူး။ ဒါကြောင့်မို့ တချို့ကိစ္စတွေကို ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ ထောက်ခံချက်နဲ့ ခွင့်ပြုပေးဖို့ တင်ပြခဲ့ပါတယ်။ လုံခြုံရေးပိုင်းဆိုင်ရာလည်း တင်ပြခဲ့ပါတယ်။ ကျန်တာကတော့ ကြီးကြီးမားမား ပြဿနာမရှိပါဘူး။ ။

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် မေ ၃

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

### ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Phway Phway https://www.facebook.com/phwayphway.for.fans | ဖွေးဖွေး  | ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၂ | Thet Mon Myint https://www.facebook.com/Mathetmonmyint17 | သက်မွန်မြင့်  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၃ | Nyi Nanda (Si Thu Min) https://www.facebook.com/unyi.nanda.5 | ညီနန္ဒ  | ကိုနန္ဒ ထောပတ်ထမင်းဆိုင်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၄ | Aung Myint Myat https://www.facebook.com/aresmyintmyat | အောင်မြင့်မြတ်  | (၄) ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၅ | Tun Connie https://www.facbook.com/connieusafans | ရတနာထွန်း (ခ) ကော်နီ  | အမှတ်(၁၁၅-ဒီ)၊ အရှိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၆ | Zin Aung Aung https://www.facebook.com/zinaung.aung.9210 | ဇင်အောင်  | ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၇ | Novem Htoo https://www.facebook.com/novemscreamer | နိုဗန်ထူး  | မှော်ဘီမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၈ | Han Htoo Lwin https://www.facebook.com/hanhtuelwin.bigbag | ဟန်ထူးလွင်(ခ) ကျားပေါက်  | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၉ | Nyi Htut Khaung https://www.facebook.com/nyihtutk | ညီထွဋ်ခေါင်  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၀ | Warso Moe Oo https://www.facebook.com/warsomoeoo | ဝါဆိုမိုးဦး  | လသာမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၁ | Htet Aung Shine https://www.facebook.com/gipsy.shine.m4l | ထက်အောင်ရှိန်း  | ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၂ | G Fatt https://www.facebook.com/echomyatthu | မြတ်သူ  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၃ | Kelvin Kate https://www.facebook.com/AungThuLwinKelvinKate | အောင်သူလွင်  | သန်လျင်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၄ | Si Thu Win https://www.facebook.com/Chuwin.stw | စည်သူဝင်း  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၅ | Nanmyatsaw Saw https://www.facebook.com/nanmyatsaw.saw | ဒေါ်နန်းမြတ်စော  | ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၅-က |  |
| ၁၆ | May Oo Maung https://www.facebook.com/may.oomaung.9 | မေဦးမောင်  | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၅-က |  |
| ၁၇ | Kyaw Ye Tun (Ye Ye) https://www.facebook.com/profile.php?id=100006198573767 | ကျော်ရဲထွန်း  | ရန်ကုန်မြို့။ | ၅၀၅-က |  |
| ၁၈ | Hnin Thway Yu Aung https://www.facebook.com/hninthway.yuaung | နှင်းသွေးယုအောင်  | တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ (ခေတ္တ ထိုင်းနိုင်ငံ) | ၅၀၅-က |  |
| ၁၉ | Mary https://www.facebook.com/yrameos | မယ်ရီ  | ရန်ကုန်မြို့။ | ၅၀၅-က |  |
| ၂၀ | Angel Lamung https://www.facebook.com/angellamungofficial | အိန်ဂျယ်လမုန်  | မန္တလေးမြို့။ | ၅၀၅-က |  |

သတင်းစဉ်



## ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ

တောင်ကြီး ဧပြီ ၃

ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို ဧပြီ ၁ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက တောင်သူလယ်သမားများ၏ လက်ရှိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအား လယ်ယာမြေ ဥပဒေနှင့်အညီ သားစဉ်မြေးဆက် အဆက်ဆက် ဘဝအာမခံချက် ရရှိရေးနှင့် ပိုင်ဆိုင်လုပ်ကိုင်ခွင့် ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်းလုပ်ငန်းကို ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက စီမံချက်ရေးဆွဲ၍ ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စရပ်များနှင့် ပတ်သက်၍ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသော မူလပိုင်ရှင်တောင်သူများအား နစ်နာမှုမရှိစေရေး ဘက်မလိုက်ဘဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က မှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

မောင်မောင်သန်း
(တောင်ကြီး)




## ချောင်းဆုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ ထိုးနှံပေးသွားမည်

ချောင်းဆုံ ဧပြီ ၃

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းမှ သံဃာတော်များ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဧပြီ ၁ ရက် နံနက်ပိုင်းမှစ၍ ချောင်းဆုံမြို့ အထကကျောင်း သိရီရတနာခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူဇာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးများ ထိုးပေးခြင်းဖြစ်ပြီး ဆေးမထိုးမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးကြကာ ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးထိုးပြီးသူ များကိုလည်း မိနစ် ၃၀ ခန့် နားနေစေကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးသည်။

ချောင်းဆုံ မြို့နယ်အတွင်း ကာကွယ်ဆေးများ ထိုးပေးရာတွင် ဧပြီ ၁ ရက်မှ ၄ ရက်အထိ လေးရက်အတွင်း ပညာရေးဝန်ထမ်း ၁၁၅၆ ဦး၊ ဆရာတော်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ စုစုပေါင်း ၁၁၆၅ ပါးနှင့် ဒေသခံပြည်သူများအား ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၄ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - မြိုးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၄၅၊ ဖက်စ် ၀၆၇-၃၄၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်မြို့(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဖိမ် ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၃၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆

MYANMAR Digital News
Presented by NPE
www.moi.gov.mm

# လူငယ်တွေအနေနဲ့ ဗဟုသုတရစေမယ့်စာတွေ များများဖတ်မှတ်လေ့လာပြီး အမှား၊ အမှန် ခွဲခြားနိုင်တဲ့ နိုင်ငံ့သားကောင်းရတနာတွေ ဖြစ်စေချင်ပါတယ်

ဆရာမကြီး ဒေါ်ကြွယ်ကြွယ်

အင်တာဗျူး - မြင့်မိုရ်၊ ဓာတ်ပုံ - မင်းခေတ်

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် နှစ်စဉ်ချီးမြှင့်ပေးနေသော ပခုက္ကူဦးအုံးဖေ တည်ထောင်ခဲ့သည့် ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေကဏ္ဍပေါင်းစုံမှ ဆုရ ဆရာကြီး/ဆရာမကြီးများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။

အမည်ရင်း - ဒေါ်ကြွယ်ကြွယ်
ကလောင်အမည် - မကြွယ်ကြွယ်
တစ်သက်တာစာပေဆု(ပခုက္ကူစာပေ)



ဒေါ်ကြွယ်ကြွယ်

"ဆရာမက ငယ်ကလေးတည်းက စာဖတ်ဝါသနာပါပြီး အဲဒီကတည်းက ဝတ္ထုတို၊ ကဗျာတို့ကို ရေးခဲ့တာ။ အဲဒီလို ရေးရင်းနဲ့ ရှုမဝမဂ္ဂဇင်းတိုက်ကို ဆောင်းပါး လေးပို့လိုက်တော့ ပါလာတယ်။ အလွန်ပဲ ပျော်ရွှင်ခဲ့တယ်။ အဲဒီအချိန်မှာ ရှုမဝ မဂ္ဂဇင်းကလည်း လူဖတ်များတယ်လေ။ အဲဒီနောက် အားအင်တစ်ရပ်ဖြစ်ပြီး ကဗျာလည်းရေးဖြစ်၊ ဆောင်းပါးလည်းရေးဖြစ်၊ ဝတ္ထုတိုရော၊ ဝတ္ထုရှည်ရော ရေးဖြစ်ခဲ့တာ ခုထိပါပဲ။ နယ်မှာနေတာဆိုတော့ စာပေပြိုင်ပွဲတွေရယ်လို့တော့ ဝင်မပြိုင်ဖြစ်ခဲ့ဘူး။ စာပေမျိုးစုံကို ရေးဖြစ်ခဲ့တာများပေမယ့် ဆုရယ်လို့ မျှော်မှန်းပြီး ရည်ရွယ်ပြိုင်ခဲ့တာ မရှိဘူး။ စာပေနဲ့ပတ်သက်လို့ တစ်သက်တာ စာပေဆုရတာ ဒါပထမဆုံးဖြစ်လို့ အလွန်ဝမ်းသာမိတယ်။ မျိုးဆက်သစ်ကလေးတွေကို ဆရာမအနေနဲ့ ပြောချင်တာကတော့ ကျောင်းစာတွေ တတ်အောင်သင်ပြီး ပညာလည်း ရအောင် ယူကြစေချင်ပါတယ်။ လူငယ်တွေအနေနဲ့ ဗဟုသုတရစေမယ့် စာတွေများများ ဖတ်မှတ် လေ့လာပြီး အမှား၊ အမှန် ခွဲခြားနိုင်တဲ့ နိုင်ငံ့သားကောင်းရတနာတွေ ဖြစ်စေချင်ပါတယ်"ဟု ဆရာမကြီးက စာပေဆုချီးမြှင့်ပွဲအပြီးတွင် ပြောကြားခဲ့သည်။

၁၉၅၀ ပြည့်နှစ် မတ်လထုတ် လင်းယုန်ဂျာနယ်တွင် ဖော်ပြခဲ့သော "မောင်းသံ" ဝတ္ထုတိုမှာ ဆရာမ ဒေါ်ကြွယ်ကြွယ်၏ ပထမဆုံးပုံနှိပ်ခံရသည့် ဝတ္ထုတိုဖြစ်သည်။ ယခုအခါ အသက် ၉၀ ရှိပြီဖြစ်ပြီး ဝတ္ထုတို ၆၀၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် အပုဒ် ၃၀၊ လုံးချင်းဝတ္ထု ခြောက်အုပ်နှင့် ဘာသာရေးစာအုပ် ရှစ်အုပ်၊ ကလေးကဗျာနှင့် ကလေးပုံပြင်စာအုပ် တစ်အုပ်စီ၊ ကဗျာပေါင်းချုပ် တစ်အုပ်နှင့် ဘာသာရေးဆောင်းပါး ၁၀၀၀ ခန့်၊ နိုင်ငံရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ရှေးဟောင်းသုတေသန၊ ပန်းချီ ပညာရပ်ဆိုင်ရာ ဆောင်းပါး ၁၅၀၀ ဝန်းကျင်နှင့် ကဗျာအပုဒ်ရေ ၂၀၀ ခန့် ပုံနှိပ်ထုတ်ဝေခဲ့ကာ ယနေ့တိုင် စာပေလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နေခြင်းကြောင့် ပခုက္ကူစာပေဆု ရွေးချယ်ရေးအဖွဲ့က တစ်သက်တာစာပေဆုကို ယနေ့ ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အမည်ရင်း- ဦးဝင်းတင်
ကလောင်အမည်- မြဝေ(ဥက္ကံ)
(၁) ဝတ္ထုရှည်(ပထမဆု)
"ဆင်သေပေါ်က ဆိတ်သားရေများ"
(၂) ဝတ္ထုတိုပေါင်းချုပ်(တတိယဆု)
"ရင်မှာစွဲထင် အမှတ်တရ ကြေးမုံပြင်"



မြဝေ(ဥက္ကံ)

"ဒီကနေ့ ပခုက္ကူစာပေဆုအနေနဲ့ ဝတ္ထုရှည်မှာ (ပထမဆု)နဲ့ ဝတ္ထုတိုပေါင်းချုပ်စာမူအနေနဲ့ (တတိယဆု) ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ရေးတာ အများစုက ဘဝသရုပ်ဖော် ဖြစ်ရပ်မှန်တွေ ရေးတာများတယ်။ အခု ဆုရတဲ့ စာအုပ်ကလည်း သဘာဝသယံဇာတထိန်းသိမ်းရေး လမ်းကြောင်းဆိုင်ရာ ဆင်တို့၊ သစ်တို့ကို တာဝန်ရှိသူက ဥပဒေအရလုပ်တာကို ဝိုင်းဝန်းတိုက်ခိုက်ကြပြီး နောက်ဆုံး ဓမ္မက နိုင်သွားတာကို သရုပ်ပေါ်အောင် ရေးသားခဲ့တာပါ။ စာပေနဲ့ပတ်သက်လို့ နိုင်ငံတော်က ချီးမြှင့်တာကို ဒါ ပထမဆုံး ရခဲ့တာပါ။ တခြားမဂ္ဂဇင်းတွေမှာတော့ ရဖူးပါတယ်။ အခုလိုရတာကို ဝမ်းသာလားတော့ မမေးပါနဲ့။ သတင်းစာမှာ ဒီဆုတွေရတယ်လို့ သူငယ်ချင်းက ဖုန်းဆက်တော့ ရင်တွေ တုန်လို့ သွေးဆေးတောင် သောက်လိုက်ရတယ်။ ကျွန်တော့်အနေနဲ့ ရသစာပေအပေါ် ဝေဖန်ရရင် ဘယ်တော့မှ မပျောက်ပျက်ပါဘူး။ ရသစာပေဟာ ပြန်လည်ထွန်းကားလာမယ်လို့ ယုံကြည်ပါတယ်" ပြောသည်။

ဆရာကြီး မြဝေ(ဥက္ကံ)သည် ၁၉၇၀ ခုနှစ်မှစ၍ "ဗိုးမျက်မှန်" ကလောင်အမည်ဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့ကာ ကဗျာများ၊ ဝတ္ထုတိုများ၊ ဝတ္ထုရှည်များကို ယနေ့တိုင် ရေးသားနေဆဲဖြစ်သည်။ သုတ/ရသ စာပျိုးခင်း အခမဲ့စာကြည့်တိုက်တွင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခဲ့ပြီး လက်ရှိ တိုက်ကြီးမြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်း- ဦးစိန်လှိုင်
ကလောင်အမည်- သူရဇော်
ကျမ်းစာပေ (ပထမဆု)
"စာမရီ"

"ဒီနေ့ ကျမ်းစာပေမှာ ပထမဆုရတာ အလွန် ဝမ်းသာပီတိဖြစ်ပါတယ်။ စာမရီဆိုတဲ့ သားကောင်ဟာ အများအထင်မှာ



သူရဇော်

ဇာမဏီလိုလို၊ ငှက်လိုလို၊ ကြက်ဖလိုလို ဖြစ်နေကြတယ်။ စာမရီလို့ပါတဲ့ ကဗျာလေးကို သွားစွဲမိပြီး ဒီကျမ်းကို ရေးဖြစ်ခဲ့တာပါ။ စာမရီဆိုတာ သားကောင်လိုလို၊ ငှက်လိုလိုပြည်သူတွေကြား မသဲကွဲတာကို ဖော်ထုတ်ရေးသားလိုက်ရလို့ ကျေနပ်မိတယ်။ တကယ်က စာမရီဟာ သားကောင်တစ်မျိုးပါ။ တိဘက်နွားတစ်မျိုးပေါ့။ ဝန်တင်လို့လည်းရ၊ လူတင်လှည်းစီးလို့လည်းရ၊ အသားလည်းစားလို့ရ၊ လိုအပ်သလိုလည်း ခိုင်းလို့ရပါတယ်။ ထူးခြားတာက တစ်ကိုယ်လုံး အမွေးတွေနဲ့၊ အရောင်မျိုးစုံလည်း ရှိတယ်။ ဒီဆုရတာ ဝမ်းသာသလို အလွန်လည်း ကျေနပ်ပီတိဖြစ်မိတယ်။ အင်တာနက်တွေ ပေါ်လာတော့ လူငယ်တွေ စာဖတ်အားနည်းလာတယ်။ အင်တာနက်ပေါ်က အကုန်မယူဘဲ ကောင်းမွန်တဲ့ အကျိုးရှိတဲ့ အချက်တွေကိုပဲ ယူစေချင်တယ်။ အကုန်ယူရင်တော့ အနာဂတ်လူငယ်ထုက ဘယ်လိုမှကောင်းလာစရာ မရှိပါဘူး"ဟု လူငယ်ထုအကြား စာပေဖတ်ရှုမှု နည်းလာသည်နှင့်ပတ်သက်၍ ဆရာကြီးက သူ၏အမြင်ကို ပြောသည်။

ဆရာကြီးသူရဇော်သည် ၁၉၅၈ ခုနှစ်မှစ၍ ဟံသာဝတီသတင်းစာ ကျောင်းသားကဏ္ဍတွင် ကဗျာများ စတင်ရေးသားရာမှ စာပေလောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ ၁၉၆၈ ခုနှစ်တွင် "ရောင်နီဦး ကလေးကဗျာများ"နှင့် ၁၉၇၈ ခုနှစ်တွင် "မြသားနီလာကဗျာများ"စာအုပ်တို့ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။ အလားတူ စာပေဗိမာန် စာမူဆုနှင့် ပခုက္ကူစာပေဆုများကိုလည်း ရရှိခဲ့ခြင်းဖြစ်ကာ စာပေကျမ်းဂန်များကိုလည်း ဆက်လက်ပြုစုနေကြောင်း သိရသည်။

အမည်ရင်း- ဦးငြိမ်း
ကလောင်အမည်-
မောင်ငြိမ်းရည်(မင်းကင်း)
ကဗျာပေါင်းချုပ်(ဒုတိယဆု)
"ချင်းတွင်းဒေသအလှမြေ ကဗျာများ"



မောင်ငြိမ်းရည်(မင်းကင်း)

"ဒီကနေ့ ရတဲ့ဆုက ချင်းတွင်းဒေသ တစ်လျှောက် လူမှုဝန်းကျင် ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်စားသောက်တဲ့ အကြောင်းအရာတွေကို အခြေခံ ရေးသားခဲ့တာပါ။ လယ်ယာဒေသ ထွက်ကုန်တွေ၊ သဘာဝရှုခင်းအလှတွေကို ဖော်ကျူးတဲ့သဘောပါ။ ကဗျာပေါင်းချုပ် ၆၅ ပုဒ် ပါပါတယ်။ စရေးကတည်းကလည်း ဆုရည်မှန်းပြီး ရေးခဲ့တာဖြစ်ပါတယ်။ မျှော်မှန်းထားသလို ရခဲ့လို့ ကြိုးစားရကျိုးနပ်ပြီး ဝမ်းသာမဆုံးဖြစ်မိပါတယ်။ စာပေနဲ့ ပတ်သက်ပြီး ဝင်ပြိုင်ခဲ့တာတွေရှိပေမယ့် ဆုရရှိခဲ့တာ ဒါက ပထမဆုံးအကြိမ်ပါ။ စာပေသမားတစ်ယောက်အနေနဲ့ လူငယ်မျိုးဆက်သစ်တွေကို ပြောချင်တာကတော့ အားလုံး တန်ဖိုးရှိတဲ့ စာလေးတွေကို ဖတ်စေချင်တယ်"ဟု ပြောသည်။

ဆရာကြီးသည် ငွေတာရီမဂ္ဂဇင်းတွင် "တေးချင်းရှင်"ကဗျာဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။ ပညာရေးဝန်ကြီးဌာနမှ အငြိမ်းစားယူခဲ့ပြီး ယခုအခါ ငွေတာရီမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ ရွှေသွေးစာစောင်၊ တေဇစာစောင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် အခြား မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ကဗျာများ ရေးသားလျက်ရှိသည်။

အမည်ရင်း- ဦးမျိုးမင်းအောင်
ကလောင်အမည်-
အောင်ပန်းဝေ (LL. B)
သုတေသနစာပေ(ဒုတိယဆု)
"မြန်မာ့ရိုးရာ စစ်တုရင်ကစားခြင်းပညာ"

"ကျွန်တော်ရေးတဲ့စာအုပ်က မြန်မာ့ရိုးရာစစ်တုရင် တဖြည်းဖြည်း ကွယ်ပျောက်သွားမယ့် အနေအထားရှိနေတယ် ထင်လို့ ရေးဖြစ်ခဲ့တာပါ။ အခုနောက်ပိုင်း မြန်မာ့ရိုးရာစစ်တုရင်ကို ကစားတဲ့ အရပ်တွေကိုတောင် မလုပ်နိုင်ကြတော့ဘူးလေ။ အဲဒီလို အခြေအနေတွေကို ပြန်ပြီး ဖော်ထုတ်စေချင်တာ။ မြန်မာ့ရိုးရာ စစ်တုရင်ကစားနည်းပညာဟာ အရင် ကုန်းဘောင်



အောင်ပန်းဝေ(L.L,B)

ခေတ်ကတည်းက ဘုရင်တွေ အမြတ်တနိုးထား ကစားခဲ့တဲ့ ပညာရပ်တစ်ခုပဲ။ ယနေ့ ကမ္ဘာမှာ ခေတ်စားနေတဲ့ စစ်တုရင်(ချက်စ်)ကို နိုင်အောင်ထိုးနိုင်တာ မြန်မာ့စစ်တုရင်ပဲ။ မြန်မာ့စစ်တုရင်ကို မှတ်တိုင်တစ်တိုင်လည်းဖြစ်၊ ရှေးလူကြီးတွေက တစ်ဆင့် နောင်းလူတွေလည်း လေ့လာဆည်းပူးနိုင်အောင် ရည်ရွယ်ရေးသားခြင်းဖြစ်တယ်။ တစ်ဖက်ကလည်း နည်းပညာသစ်တွေ ဝင်လာမယ်ဆိုရင် ပေါ်ပင်လိုက်ပြီး မြန်မာ့ရိုးရာတွေကို ပျောက်သွားမှာ စိုးရိမ်မိတယ်"ဟု ရင်ဖွင့်ခဲ့သည်။

ဆရာအောင်ပန်းဝေသည် ၁၉၉၂ ခုနှစ်မှစတင်၍ ရုပ်သေးကြိုးဆွဲပညာကို လေ့လာခဲ့ပြီး ၁၉၉၇ ခုနှစ် ဆိုက၊ ရေး၊ တီး ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဒုတိယဆု ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု)ကို မြန်မာ့ရုပ်သေးကြိုးဆွဲနည်းပညာ စာမူဖြင့် ရရှိခဲ့ပြီး ယခု သုတေသနစာပေ(ဒုတိယဆု)ကို ပခုက္ကူစာပေဆု ရွေးချယ်ရေးအဖွဲ့က မြန်မာ့ရိုးရာ စစ်တုရင်ကစားခြင်းပညာ စာမူဖြင့် ချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ သို့



# မြန်မာ့ပညာရေးစာပေ (၁)

**မောင်ခင်မင် (ဓနုဖြူ)**

"သမီး၊ လာ လာ၊ ဘယ်တုန်းက ပြန်ရောက်သလဲ"

"ကျောင်းပိတ်ရက် ပြန်လာတာပါ ဘဘ၊ ဘဘနေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်ကွယ်၊ သမီးနဲ့ စကားမပြောရတာတောင် တော်တော်ကြာသွားပြီ"

"သမီးလဲ အလုပ်များနေလို့ အရင်အပတ်တွေက အိမ်မပြန်ဖြစ်တာပါ။ ဘဘတို့ ဆွေးနွေးတဲ့ 'မြန်မာသမိုင်းစာပေ' အကြောင်းတွေ ဖတ်ရပါတယ်"

"အေးကွဲ့၊ ဆွေးနွေးလို့ကောင်းနေတုန်း ဘဘသူငယ်ချင်း သမိုင်းဆရာရော၊ တပည့်တွေရော ကွင်းဆင်းလေ့လာရေး အလုပ်ပေါ်လာလို့ ခရီးထွက်သွားကြတယ်။ လောလောဆယ်တော့ ဘဘအားနေပါတယ်"

"ဟာ ဒါဆိုရင်အတော်ပါပဲ ဘဘ။ သမီးစဉ်းစားမိတာတစ်ခု ဘဘကို ပြောပြချင်လို့ပါ"

"ပြောလေသမီး"

"ကြီးကြီးကျယ်ကျယ်တွေ ပြောတယ်လိုတော့ မထင်ပါနဲ့နော် ဘဘ။ သမီးစဉ်းစားမိတာက ပညာအမွေခံတဲ့ အစဉ်အလာအကြောင်းပါ"

"ပြောပါသမီးရဲ့။ ဘယ်လို စဉ်းစားမိလို့လဲ"

"သမီးစဉ်းစားမိတာက ဘဘဆိုရင် တက္ကသိုလ်မှာ သင်ကြားပို့ချခဲ့တဲ့ ဆရာကြီးပဲ။ တပည့်တွေအများကြီး မွေးထုတ်ခဲ့တယ်။ ဘဘဆီက ပညာခံယူတဲ့ တပည့်တွေထဲမှာ သမီးလဲပါတာပေါ့။ အခုဆိုရင် သမီးကလဲ တက္ကသိုလ်ဆရာမ ပြန်ဖြစ်နေပြီ။ တပည့်တွေကို သင်ကြားပို့ချနေပြီလေ"

"ဟုတ်ပြီ၊ ဒီတော့..."

"ဒီတော့ အဲဒီလို လူကြီးတွေက လူငယ်တွေကို ပညာအမွေပေးတဲ့ အစဉ်အလာဟာ နှစ်ပေါင်းများစွာကြာခဲ့ပြီပေါ့နော် ဘဘ"

"ဟုတ်တာပေါ့။ တို့ လူ့သမိုင်းတစ်လျှောက်လုံးမှာ ရှေ့လူတွေက ကိုယ်တတ်သိထားတဲ့ပညာတွေကို နောက်လူတွေကို လက်ဆင့်ကမ်းပြီး သင်ကြားပို့ချခဲ့တာ အင်မတန်ထင်ရှားတဲ့ အစဉ်အလာကြီးပေါ့ကွယ်"

"သမီးလဲ တက္ကသိုလ် ဆရာမတစ်ယောက်ဖြစ်နေပြီဆိုတော့ အဲဒီ အစဉ်အလာဟာ တော်တော်အရေးကြီးတယ်လို့ တဖြည်းဖြည်းသိမြင်လာပါတယ်။ မြန်မာတွေ ခေတ်အဆက်ဆက် ဘယ်လိုအမွေခံခဲ့တယ်ဆိုတာကို ခြေခြေမြစ်မြစ်သိချင်စိတ် ပေါ်လာပါတယ်။ သမီးလို မလောက်လေးမလောက်စား မိန်းကလေးတစ်ယောက်က အဲဒီလို ကြီးကြီးကျယ်ကျယ်တွေ စိတ်ဝင်စားတာ မတန်မရာများ ဖြစ်နေမလား မသိပါဘူး ဘဘရယ်"

"အို၊ ဒီလိုဘယ်ဟုတ်ပါ့မလဲကွယ်။ သမီးလဲ တက္ကသိုလ်ဆရာမကြီးဖြစ်နေပြီပဲ။ ကိုယ့်အသက်မွေးဝမ်းကျောင်းနဲ့ဆိုင်တဲ့ ပညာရေးအကြောင်း ခုလိုစိတ်ဝင်စားတာ ချီးကျူးစရာပါကွယ်။ ဘဘ ချီးကျူးပါတယ်"

"ဘဘက ဒီလိုပြောတော့ သမီးအားရှိသွားပါပြီ။ လေ့လာစရာတွေ သမီးလေ့လာပါ့မယ်။ ဘဘက လမ်းပြပေးပါနော်"

"ဟုတ်ပါပြီ။ မြန်မာ့ပညာရေး အစဉ်အလာအကြောင်းရေးထားတဲ့ စာအုပ်စာတမ်းတွေ တော်တော်များများ ရှိပါတယ်။ သမီး အေးအေးဆေးဆေး လေ့လာကြည့်ပေါ့။ အခုတော့ ဒီအစဉ်အလာအကြောင်း နိဒါန်းပျိုးကြရအောင်"

"ဟုတ်ကဲ့ပါ ဘဘ"

"မြန်မာ့ပညာရေး အစဉ်အလာအကြောင်းကို ပြောရင်မြန်မာစာ အရေးအသား ပေါ်ပေါက်ပြီးတဲ့ အချိန်က စပြောတာက မြင်သာထင်သာရှိမှာပေါ့"

"ဟုတ်ပါတယ် ဘဘ။ ဒါမှ အထောက်အထားရမှာပေါ့"

"ဒီအစဉ်အလာဟာ စာအရေးအသားပေါ်ပေါက်မှ စတင်တာတော့ မဟုတ်ဘူးနော်။ မိဘတွေက သားသမီးတွေကို၊ လူကြီးတွေက လူငယ်တွေကို သိစရာမှတ်စရာတွေ၊ ဆောင်စရာ ရှောင်စရာတွေ၊ သင်ပြပေးတဲ့ အစဉ်အလာဟာ စဉ်းစားကြည့်ရင် လူ့သမိုင်း အစကတည်းက ဖြစ်မှာပေါ့ကွယ်။ အသိဉာဏ် ဆင်ခြင်ဉာဏ်ရှိတဲ့ လူသားတွေပဲဟာ ၊ အစဉ်အဆက် သင်ပြလမ်းညွှန်ပေးမှာပဲပေါ့"

"ဟုတ်ကဲ့ပါ"

"တစ်ခုတော့ ရှိတာပေါ့။ စာအရေးအသား မပေါ်ခင်တုန်းကတော့ နှုတ်ဆင့်ကမ်းပြီး သင်ကြားပေးမှာပေါ့။ ဒီနေ့ခေတ်မှာလဲ စာမရှိသေးတဲ့ လူ့အဖွဲ့အစည်းတွေ ရှိနေတာပဲ။ ဒီလိုပဲ နှုတ်နဲ့ပြောဆိုသင်ကြားပေးမှာပေါ့။ စာအရေးအသားရယ်လို့ တီထွင်နိုင်တဲ့အခါကျတော့လဲ စာနဲ့၊ ပေနဲ့ မှတ်တမ်းတင်ကြမှာပေါ့ကွယ်။မြန်မာစာအရေးအသား ပေါ်ပေါက်တဲ့ ပုဂံခေတ်ကစပြီး လေ့လာရင် ထင်သာမြင်သာရှိတာပေါ့နော်"

> **"စာအရေးအသား မပေါ်ခင်တုန်းကတော့ နှုတ်ဆင့်ကမ်းပြီး သင်ကြားပေးမှာပေါ့။ ဒီနေ့ခေတ်မှာလဲ စာမရှိသေးတဲ့ လူ့အဖွဲ့အစည်းတွေရှိနေတာပဲ။ ဒီလိုပဲ နှုတ်နဲ့ပြောဆိုသင်ကြားပေးမှာပေါ့။ စာအရေးအသားရယ်လို့ တီထွင်နိုင်တဲ့အခါကျတော့လဲ စာနဲ့၊ ပေနဲ့ မှတ်တမ်းတင်ကြမှာပေါ့ကွယ်။ မြန်မာစာအရေးအသားပေါ်ပေါက်တဲ့ ပုဂံခေတ်ကစပြီး လေ့လာရင် ထင်သာမြင်သာရှိတာပေါ့"**

"ဟုတ်တယ်။ ပုဂံခေတ်ကျောက်စာ၊ မင်စာ အထောက်အထားတွေထဲက ပုဂံခေတ်ပညာရေးအကြောင်း စပြီးဖော်ထုတ်ရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"အသေးစိတ်တော့ သမီးဆက်လေ့လာပေါ့။ ပညာရေးအစဉ်အလာအကြောင်းလေ့လာရင် အခြေခံအားဖြင့် ဘာအကြောင်းတွေ ပါရမယ် ထင်သလဲသမီး"

"ဟုတ်ကဲ့။ ပညာရေးအစဉ်အလာအကြောင်းဆိုတော့ ပညာသင်ပေးတဲ့ ဆရာအကြောင်း၊ သင်ယူတဲ့တပည့်အကြောင်း၊ သင်တဲ့ပညာတွေအကြောင်း၊ အဲဒီအကြောင်းတွေ ပါရမှာပေါ့ ဘဘ"

"ဟုတ်ပြီ။ ဆရာရယ်၊ တပည့်ရယ်၊ ပညာရပ်ဆိုင်ရာ သင်ခန်းစာတွေရယ်၊ ပြီးတော့ သင်ကြားတဲ့ နေရာအဆောက်အအုံရယ်၊ ပြီးတော့ ပညာသင်ရာမှာ အသုံးပြုတဲ့ ပစ္စည်းကိရိယာတွေရယ်၊ အဲဒါတွေက ထင်သာမြင်သာတဲ့ အကြောင်းအရာတွေဖြစ်မှာပေါ့"

"ဟုတ်ပါတယ် ဘဘ"

"ဒီတော့ အဲဒီအကြောင်းတွေကို ပုဂံခေတ်က ကျောက်စာမင်စာတွေမှာ ရေးသားထားသလား။ ရေးရင်လဲ ဘယ်လိုရေးသားထားသလဲ ဆိုတာ လေ့လာကြည့်ရမှာပေါ့"

"သိပ်ကောင်းပါတယ် ဘဘ"

"ဒီတော့ ပထမဆုံး ပညာသင်ပေးတဲ့ 'ဆရာ'အကြောင်းက စရအောင်။ ပုဂံခေတ် ကျောက်စာမင်စာတွေမှာ 'ဆရာ' ဆိုတဲ့စကားကို တွေ့တယ်မဟုတ်လားသမီး"

"တွေ့ပါတယ် ဘဘ။ 'ဆရျာ'လို့ ရကောက်ယပင့်နဲ့ ရေးသားထားပါတယ်"

"ယပေါ်မှာ ရတင်ပြီး ဆရျှလို့ ရေးတာလဲရှိတယ်။ အဲဒီ ရေးထုံးတွေအရ 'ဆရာ'ဟာ 'အာစာရျ'ဆိုတဲ့ သက္ကတစကားက ဆင်းသက်လာတယ်ဆိုတာ ထင်ရှားတာပေါ့။ ပါဠိမှာတော့ 'အာစရိယ' လို့ သုံးတယ်။ တို့မြန်မာတွေက 'အာစရိယ'နဲ့ ပိုရင်းနှီးတာပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

"ပိုပြီးထင်ရှားတာက ရှေးမွန်စကားမှာ 'ဆရာ'ကို 'အာစာရ်'လို့ ရေးတယ်။ အခု 'အာကျာ'လို့ အသံထွက်တယ်။ ထိုင်းစကားမှာ ဆရာကို 'အာကျန်'လို့ခေါ်တယ်။ အဲဒီတော့ သက္ကတစကား 'အာစာရျ'ကို မွေးစားယူတဲ့ မြန်မာစကားမှာ ဆရျာ၊ ဆရာ၊ မွန်စကားမှာ 'အာကျာ'၊ ထိုင်းစကား 'အာကျန်'လို့ အသွင်ပြောင်းလာတယ်။ ဒါပေမဲ့ အရင်းခံစကားဟာ အာစာရျ ဖြစ်ကြောင်း ဒီစကားတွေမှာ အထင်အရှား တွေ့ရတယ်။ ဒါ - ဘဘလေ့လာမိသလောက်ပြောတာ၊ အရှေ့တောင်အာရှ ဘာသာစကားတွေထဲက 'ဆရာ'လို့ အဓိပ္ပာယ်ရှိတဲ့ စကားလုံးတွေကို လေ့လာကြည့်ရင် ပိုပြီးထင်ရှားလာနိုင်တယ်"

"ဟုတ်ကဲ့ပါ ဘဘ။ ဒါထက် တချို့က 'ဆရာ'ဟာ 'ဆာယာ'ဆိုတဲ့ ပါဠိစကားက ဆင်းသက်တယ်လို့ ယူဆကြတာလဲ ကြားဖူးပါတယ်"

"'ဆရာ'နဲ့ 'ဆာယာ'နဲ့ အသံချင်းနီးစပ်တာရယ်၊ 'ဆာယာ'ဆိုတာ 'အရိပ်'လို့ အဓိပ္ပာယ်ရတာမို့ အဓိပ္ပာယ်ချင်းလဲ နီးစပ်တာရယ်ကြောင့် ပါဠိအစွဲသန်တဲ့ သူတွေက အဲဒီလို ယူဆကြတာပါ။ 'ဆာယာ'ကနေ 'ဆရာ'ဖြစ်တဲ့ အထောက်အထားမရှိပါဘူး။ 'အာစာရျ' က 'ဆရျာ'ဆရာဆိုပြီး အဆင့်ဆင့်ပြောင်းတာက ပုဂံခေတ်ကတည်းက သက်သေ အထင်အရှားရှိပြီးသားပါ"

"ဟုတ်ကဲ့ပါ"

"မြန်မာစာအရေးအသားစပေါ်တဲ့ နှစ်တွေကတည်းက ပုဂံကျောက်စာ၊ မင်စာတွေမှာ ဆရာဆိုတဲ့ အသုံးအနှုန်းကို တွေ့နေရတာကို ထောက်ရင် ဒီအသုံးအနှုန်းဟာ မြန်မာစာ အရေးအသား မပေါ်ခင် ကတည်းက မြန်မာစာထဲမှာ အခိုင်အမာရှိနေပြီဆိုတာ ထင်ရှားတယ်။ စကားလုံးရှိတယ်ဆိုရင် ဒီစကားလုံးနဲ့ ရည်ညွှန်းရတဲ့လုပ်ငန်းလဲရှိနေမှာ သေချာတယ်လေ။ ဒီတော့ ဆရာရဲ့အလုပ်ဖြစ်တဲ့ ပညာသင်ကြားပေးတဲ့အလုပ်ဟာ မြန်မာစာအရေးအသားမပေါ်ခင် ကာလကတည်းက မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ အခိုင်အမာရှိနေပြီ ဆိုတာ ထင်ရှားတာပေါ့ သမီးရယ်"

"သမီးက ဟိုတစ်စ ဒီတစ်စတော့ လေ့လာဖူးပါတယ် ဘဘ။ အခုဘဘက ဆက်စပ်ပြီး ရှင်းပြလိုက်တော့ ဆရာရဲ့သဘောဟာ ရုပ်လုံးပေါ်သွားပါပြီ။ အများကြီးကျေးဇူးတင်ပါတယ် ဘဘ"။ ။

## ကျွန်းလှ၌အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဖိနပ်ချုပ်သင်တန်းဖွင့်

ကျွန်းလှ ဧပြီ ၂ - စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖိနပ်ချုပ်သင်တန်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ဖိနပ်ချုပ်ပုံအဆင့်ဆင့်၊ ကိုးဒီယားဒေါက်၊ ပန်းခွာဒေါက်၊ မာကွန်၊ ဆိုးခံ၊ ကျားစီး၊ ကလေးစီးဖိနပ် အမျိုးမျိုးချုပ်နည်းကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းနည်းပြ ဒေါ်ဆုသဲလှိုင်က ပြောသည်။

အဆိုပါသင်တန်းသို့ တင်ငုတ်ကြီး၊ သဖန်းဆိပ်၊ သံဘို၊ ဆားကျင်း ကျေးရွာတို့မှ သင်တန်းသူ ၁၀ ဦးတက်ရောက်ကြကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# CDM လှုပ်ရှားမှုများကြောင့် ထိခိုက်နစ်နာခဲ့ရသူများနှင့် ခဏာတာ

**တွေ့ဆုံမေးမြန်း - ဆလိုင်းခွန်စိုင်းဇော**

ကြီးမားစွာသော မဲမသမာမှုများ ပြုလုပ်ထားမှုများကြောင့် ရှင်းလင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးရန် တပ်မတော်က ကြိမ်ဖန်များစွာ တင်ပြတောင်းဆိုခဲ့သည်။ ထိုနည်းတူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ထိခိုက်နစ်နာခဲ့ရသူများဖြစ်သည့် ပါတီအချို့မှ ကိုယ်စားလှယ်များကလည်း အလားတူ တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။

သို့သော် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်းကောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်တို့သည်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ဘဲ လွှတ်တော်ကို ဇွတ်ခေါ်၍ ထပ်မံအာဏာရရှိရေးသာ ဆောင်ရွက်ခဲ့သည်။ ဤကဲ့သို့ ကြီးမားစွာသော မဲမသမာမှုမျိုးသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အကျည်းအတန်ဆုံးသော လုပ်ရပ်ဖြစ်သလို အလွန်ဆိုးရွားသည့် ဖြစ်ရပ်တစ်ခုအဖြစ်လည်း မှတ်တမ်းဝင် ပြောစမှတ်တွင်ခဲ့ရသည်။

တပ်မတော်သည် နိုင်ငံတော်၏ ခေတ်သမိုင်းအဆက်ဆက်တွင် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ အစဉ်တစိုက် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၄၁၇)၊ (၄၁၈)တို့အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား မလွှဲမရှောင်သာ တာဝန်ယူခဲ့ရသည်။ ထို့နောက် တပ်မတော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းပေးခဲ့ရခြင်းလည်း ဖြစ်သည်။

**CDM ပါဝင်လာရန် လှုံ့ဆော်စည်းရုံး**

သို့သော် ဆူပူလိုသူအချို့နှင့် နိုင်ငံတော်အား ပျက်စီးစေရန်နှင့် ဖျက်ဆီးလိုသူအချို့တို့သည် လူမှုကွန်ရက် စာမျက်နှာများမှ မဟုတ်မမှန် သွေးထိုးဖြားယောင်းစည်းရုံးကာ ကလေးငယ်များ၊ ကျောင်းသားလူငယ်များအား လမ်းမပေါ်ရောက်အောင် ဆွဲခေါ်ခဲ့သည်။ လူမှုကွန်ရက် စာမျက်နှာများပေါ်မှ ခေါင်းစဉ်အမျိုးမျိုးတပ်၍ သပိတ်ထစေခြင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုကြသူ ပြည်သူများအား ခြိမ်းခြောက်ခြင်း၊ မစားရဝမခန်း မက်လုံးများပေး၍ CDM ပါဝင်လာရန် လှုံ့ဆော်စည်းရုံးခြင်းများအပြင် အများပြည်သူ သွားလာရာ လမ်းမကြီးများပေါ်တွင် အတားအဆီးများ ချခြင်း၊ အမှိုက်များ စုပုံစေခြင်းများသည် ဒီမိုကရေစီ အရေး မဟုတ်တော့ပေ။

ထို့ပြင် နိုင်ငံတော်အား တာဝန်ယူ ထိန်းကျောင်းတည့်မတ်ပေးနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများအား ရုံးလုပ်ငန်းတာဝန်များ ပျက်ကွက်စေရန်(CDM ဆောင်ရွက်ရေး)လှုံ့ဆော်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မသမာသော လူယုတ်မာများ၏ ဖြားယောင်းသွေးဆောင်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းအချို့သည် ရုံးမတက်ဘဲ CDM ပြုလုပ်ခဲ့ကြရာ ပြည်သူများပင် ထိခိုက်နစ်နာခဲ့ရသည်။ ထိုသို့သော ထိခိုက်နစ်နာရသူများနှင့် တွေ့ဆုံကာ မေးမြန်းခဲ့သည်များကို တင်ပြရေးသားရသော်. . .။

> **"မတ်လမှစတင်ကာ ပုံမှန်ဆေးထိုးခြင်းကို မိမိတို့ ရပ်ကွက်တွင် မထိုးရတော့ဘဲ အခြားနေရာသို့ သွားရောက်ထိုးနှံနေရကြောင်း၊ အကျိုးအကြောင်းမေးမြန်းရာ မိမိတို့ရပ်ကွက်တွင် တာဝန်ကျသည့် ကျန်းမာရေး သူနာပြုဆရာမသည် CDM ပြုလုပ်သွားသည်ဟု ကြားသိရကြောင်း၊ တာဝန်ကျဆရာမက မိမိ၏တာဝန်အား ထမ်းဆောင်မှုမရှိဘဲ CDM ပြုလုပ်သွားခြင်းကြောင့် မိမိရပ်ကွက် ကာကွယ်ဆေးထိုးစုရပ်မှ အခြားသောနေရာသို့ သွားရောက်ဆေးထိုးရသည့်အတွက် သွားလာရေးအခက်အခဲများ ကြုံတွေ့ရပါကြောင်း အဆိုပါမိခင်က ပြောပြသည်"**

သူ့အမည်က ဦးငွေမောင်းလို့သာ ဆိုကြပါစို့။ သူ၏ ထိခိုက်နစ်နာမှုများကို ပြောပြသည်မှာ ဦးငွေမောင်းသည် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတစ်ဦးဖြစ်ပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းဇနီးဖြစ်သူ နေထိုင်ခွင့်ရသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ၌ နေထိုင်သူတစ်ဦးလည်းဖြစ်သည်။

ဦးငွေမောင်းသည် မျက်လုံးအမြင်မကောင်း၍ မျက်စိနှစ်လုံးကို ခွဲစိတ်ကုသရာမှ အသည်းနှင့်ပတ်သက်သည့် ရောဂါတစ်ခုကြောင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရသူဖြစ်သည်။ တတ်ကျွမ်းနားလည်သူ ဆရာဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ပြင်ပဆေးရုံတစ်ရုံတွင် ဆေးစစ်ချက်များပြုလုပ်ခဲ့ပြီး ဆေးစစ်ချက်များရရှိ၍ ဆရာဝန်ကြီး၏ ရက်ချိန်းအတိုင်း သွားရောက်ပြသရာ အဆိုပါ ဆရာဝန်ကြီးမှာ ဆေးရုံသို့မလာတော့ကြောင်း၊ CDM လုပ်သွားကြောင်း သိရသည်။ ပြင်ပဆေးခန်း၌ ပြသရန် သွားလာရေးအခက်အခဲရှိပြီး ငွေကြေးကုန်ကျမှုများနိုင်၍ သွားရောက် မပြသခဲ့ကြောင်း၊ ထိုနေ့က ဦးငွေမောင်းကဲ့သို့ ဆရာဝန်ကြီးနှင့် တွေ့ဆုံ၍ ဆေးကုသခံရန် ကျေးရွာများမှ လူနာများကိုလည်း ချိန်းဆိုထားရာ အခက်အခဲများစွာ တွေ့ခဲ့ရကြောင်း၊ ဆေးပညာတတ်ကျွမ်းပြီး လူနာများ အားကိုးအားထားပြုရသည့် ဆရာဝန်ကြီး/ဆရာဝန်လေးများ မည်မျှလောက် CDM ပြုလုပ်ခဲ့ပြီး လူနာများ မည်မျှလောက် ဒုက္ခတွေ့ကြုံကြမည်ကို ခံစားနားလည်ကြစေလိုပါကြောင်း ကိုယ်တွေ့ကြုံသူ ဦးငွေမောင်းက ပြောသည်။

**ကာကွယ်ဆေးထိုးရန် အခက်အခဲတွေ့**

ထို့ပြင် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ရပ်ကွက်၌ တာဝန်ကျ ကျန်းမာရေးသူနာပြုဆရာမတစ်ဦး CDM ပြုလုပ်သွားခဲ့မှုကြောင့် လစဉ် ကာကွယ်ဆေးထိုးရမည့် ကလေးငယ်များ အခက်အခဲ တွေ့ကြုံခဲ့ရကြောင်းလည်း ကိုယ်တွေ့ကြုံသူ သားသည်မိခင်တစ်ဦးထံမှ ဤသို့ ကြားသိရပြန်သည်။ ထိုမိခင်အမည်ကတော့ ဒေါ်ဝင်း ဆိုပါတော့။ ရပ်ကွက်အတွင်း ကလေးငယ်များအား လစဉ်ထိုးနှံပေးသည့် ကာကွယ်ဆေးထိုးခြင်းကို ယခင်က ရပ်ကွက်အတွင်းမှာပင် ထိုးနှံခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလတွင် ကာကွယ်ဆေးထိုးသည့်လုပ်ငန်းမှာ ခေတ္တခဏ ရပ်ဆိုင်းခဲ့ပြီးနောက် ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ရပ်ကွက်မှာပင် ကလေးငယ်များအား လစဉ် ပုံမှန်ကာကွယ်ဆေး ထိုးနှံခဲ့ရကြောင်း၊ မတ်လမှစတင်ကာ ပုံမှန်ဆေးထိုးခြင်းကို မိမိတို့ ရပ်ကွက်တွင် မထိုးရတော့ဘဲ အခြားနေရာသို့ သွားရောက်ကာ ထိုးနှံနေရကြောင်း၊ အကျိုးအကြောင်း မေးမြန်းရာ မိမိတို့ရပ်ကွက်တွင် တာဝန်ကျသည့် ကျန်းမာရေးသူနာပြုဆရာမသည် CDM ပြုလုပ်သွားသည်ဟု ကြားသိရကြောင်း၊ ရပ်ကွက်တွင် တာဝန်ကျ ကျန်းမာရေးသူနာပြုဆရာမက မိမိ၏တာဝန်အား ထမ်းဆောင်မှုမရှိဘဲ CDM ပြုလုပ်သွားခြင်းကြောင့် မိမိရပ်ကွက် ကာကွယ်ဆေးထိုးစုရပ်မှ အခြားသော နေရာသို့ သွားရောက်ဆေးထိုးရသည့်အတွက် သွားလာရေးအခက်အခဲများ ကြုံတွေ့ရပါကြောင်း အဆိုပါမိခင်က ပြောပြသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများသည် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ရပ်ဆိုင်းစေရန် ရည်ရွယ်ခဲ့ကြသော်လည်း CDM လှုပ်ရှားသူ ဝန်ထမ်းများကြောင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်နေသူများ(ဥပမာ CDM ပြုလုပ်သူ ကျန်းမာရေးဝန်ထမ်းများကြောင့် လူနာများ)သာ ထိခိုက်နစ်နာခဲ့ရကြောင်း အဆိုပါ CDM လုပ်ရပ်များအရ သိရသည်။

**နိုင်ငံ့ဝန်ထမ်းစိတ်ဓာတ်မရှိ**

ထို့အပြင် ဝန်ထမ်းအိမ်ရာ ရပ်ကွက်တစ်ခုတွင်လည်း ရပ်ကွက် ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့တစ်ခု၏ တာဝန်ရှိသူတစ်ဦး CDM ပြုလုပ်သွားမှုကြောင့် အဆိုပါအသင်းအဖွဲ့တွင် အခက်အခဲအချို့ကြုံတွေ့ခဲ့ရကြောင်းလည်း ကိုယ်တိုင်သိရှိသူတစ်ဦး၏ ပြောစကားအရ သိရသည်။ "အချို့ပြည်နယ်/တိုင်းဒေသကြီးတွေမှာ တရားဝင် ပြန်လည်ခန့်အပ်ခံရတဲ့ ရပ်ကွက်နဲ့ ကျေးရွာက အုပ်ချုပ်ရေးမှူးအချို့ တာဝန်မထမ်းဆောင်နိုင်ဘူးဆိုပြီး ထွက်ကြတယ်။ အဲဒီတော့ ရပ်ကွက်နဲ့ကျေးရွာတွေမှာ လူဆိုးလူမိုက်တွေ ရမ်းကားရင် ဘယ်သူတွေ နစ်နာမလဲ၊ ပြည်သူတွေပဲ နစ်နာမယ်၊ နောက်ပြီး နေထိုင်ကြသူတွေက လုပ်ငန်းလိုအပ်ချက်အရ ရယူရမယ့် ထောက်ခံချက်ကို ဘယ်မှာ ယူမလဲ၊ ဥပမာ ကျန်းမာရေးမကောင်းလို့ ပင်စင်လစာကို ကိုယ်တိုင်သွားမထုတ်နိုင်လို့ ကိုယ်စားလှယ်နဲ့ထုတ်ယူမယ့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေ ဘယ်က ထောက်ခံစာယူကြမလဲ၊ စဉ်းစားဖို့တော့လိုတယ်၊ အခု CDM လုပ်သူတွေ အလုပ်က ပြုတ်ကြမယ်၊ နေခွင့်ရတဲ့ ဝန်ထမ်းအိမ်ရာတွေက ဖယ်ပေးရမယ်၊ ဘယ်သူတွေ နစ်နာလဲ၊ CDM ပြုလုပ်သူတွေသာ နစ်နာကြတာ၊ CDM လုပ်ဖို့ မြှောက်ပေးတဲ့သူတွေက ဘာမှ နစ်နာမှုမရှိဘူး၊ မြှောက်ပေးတဲ့သူတွေက လူမှုကွန်ရက် စာမျက်နှာတွေပေါ်ကနေ မြှောက်ပေးတာဖြစ်သလို အများစုက ဝန်ထမ်းမဟုတ်ကြဘူး။ CDM လုပ်ဖို့ မြှောက်ပေးတဲ့သူတွေ အများစုဟာ နိုင်ငံ့ဝန်ထမ်းမဟုတ်လို့ နိုင်ငံ့ဝန်ထမ်းစိတ်ဓာတ် မရှိကြသလို CDM လုပ်ခဲ့ကြတဲ့ နိုင်ငံ့ဝန်ထမ်းအချို့ကလည်း နိုင်ငံ့ဝန်ထမ်းဆိုတဲ့ စိတ်ဓာတ်နဲ့ ခံယူချက် မရှိကြဘူး။ ကျွန်တော့်ရပ်ကွက်မှာ အုပ်ချုပ်ရေးမှူးဖြစ်တဲ့ ကျွန်တော်က CDM လုပ်ပြီဆိုပါတော့၊ ကျွန်တော့် ရပ်ကွက်ထဲကပြည်သူတွေ လိုအပ်တဲ့ ထောက်ခံစာ ဘယ်မှာ သွားယူကြမလဲ၊ အဲဒီတော့ လွှမ်းပေ့ဆိုကိုယ်ပဲလွှမ်းတဲ့ အဖြစ်မျိုးပေါ့"ဟု တာဝန်ထမ်းဆောင်နေဆဲဖြစ်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးကလည်း CDM လုပ်ဆောင်ခဲ့ကြမှုများနှင့် ပတ်သက်၍ သူ၏အမြင်၊ သူ၏ခံယူချက်ကို ပြောကြားခဲ့သည်။

CDM လှုပ်ရှားမှုများသည် ကိုယ်လည်း အဆင်မပြေ၊ ဘေးလူလည်း အခက်အခဲဖြစ်ပေါ်စေသည့် လုပ်ရပ်မျိုးဖြစ်ပြီး အလုံးစုံပျက်စီးရေးကို မြင်တွေ့လိုသူများ၏ လုပ်ရပ်ဖြစ်ကြောင်း၊ ဤသို့သော လုပ်ရပ်နှင့် ဖြစ်စဉ်များကို ၁၉၈၈ ကလည်း ကြုံခဲ့ရဖူး၍ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူများ အထူးသတိထားစေလိုကြောင်း နေပြည်တော်မှ ဒေသခံပြည်သူအချို့၏ ပြောစကားများကို ကြားသိခဲ့ရပေသည်။ ။

---

စာမျက်နှာ ၂၃ မှ

အမည်ရင်း- မောင်မိုးဇော်

ကလောင်အမည်-


ဇော်နိုင်မိုး( ဘိုကလေး)

ကဗျာပေါင်းချုပ် (တတိယဆု)

"ရေယမုန် ရွှေဂုဏ်အပြည့်နှင့် ရောဝတီ ကဗျာများ"

"ဒီ ဆုရတဲ့ ကဗျာပေါင်းချုပ်ကို ကျွန်တော် ကြိုးစား စုဆောင်းထားတာ တစ်နှစ်ကျော် ကြာခဲ့တယ်။ ရေးခဲ့တာကတော့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ရေးခဲ့တာပါ။ သမိုင်းအကြောင်းရယ်လို့ ချရေးတာတော့မဟုတ်ဘူး။ ကဗျာရှုထောင့်ကနေ တင်ပြခဲ့တယ်။ လူငယ်ကဏ္ဍ၊ ရာသီဘွဲ့၊ သမုဒယဘွဲ့၊ သုတလိုင်းစတဲ့ ရှုထောင့်စုံကနေ တင်ပြခဲ့တာပါ။ အတော်များများကတော့ သုတ များပါတယ်။ စုစုပေါင်း အပုဒ်ရေ ၆၃ ပုဒ် ပါတယ်။ ဒါက ပထမဆုံး စာပေနဲ့ရတဲ့ဆုပါပဲ။ တာဝန်ထမ်းရင်းနဲ့ ဝါသနာအရ ကြိုးစားရင်း ခုလို အောင်မြင်ခဲ့တာပါ။ အတိုင်းမသိ ဝမ်းသာပါတယ်။ ဘဝမှတ်တိုင်လို့ ပြောလို့ရပါတယ်။ ဆရာကြီးတွေရဲ့ ကျေးဇူးကြောင့် ရခဲ့တာပါ။ စာပေဗိမာန်အတွက်လည်း ကြိုးစားရေးနေပါတယ်။ ယနေ့လူငယ်တွေ စာဖတ်အားနည်းတာကိုတော့ အားမရဘူး။ ခုနောက်ပိုင်းခေတ်အရ စာဖတ်အား သိသိသာသာ နည်းလာတယ်။ အဲဒါကြောင့် စာဖတ်စေချင်တယ်။ အင်တာနက်တွေပေါ်လာမှ အီလက်ထရွန်နစ်နည်းတွေက စာဖတ်အား အပေါ် တော်တော် လွှမ်းမိုးသွားတယ်။ သုံးတတ်ရင်တော့ ကောင်းသလို မသုံးတတ်ရင်လည်း ဆိုးကျိုးများပါတယ်"ဟု ဆုရသည့် ကဗျာပေါင်းချုပ်အကြောင်းနှင့် ယနေ့လူငယ်များ၏ စာပေဖတ်ရှုမှုအပေါ် သူ့အမြင်ကို ဆရာက ပြောသည်။

ဆရာ ဇော်နိုင်မိုး(ဘိုကလေး) သည် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ တပ်မတော်စာစဉ်၊ ရတနာပုံသတင်းစာ၊ မြဝတီသတင်းစာ၊ ကမ္ဘာ့သစ်မဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းများ၌ ကဗျာများ ဆက်လက်ရေးသားလျက်ရှိကာ စာပေဗိမာန်စာမူဆု ရရှိရေးအတွက်လည်း အစွမ်းကုန်ကြိုးစားပြုစုလျက်ရှိကြောင်း သိရသည်။ ။



ဇော်နိုင်မိုး(ဘိုကလေး)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဧပြီ ၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၅၃၀၉ ဦး၊ အတွင်းလူနာ ၄၁၃၃ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၃၉၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူဦးရေ ၂၈၃၀၊ စုစုပေါင်း ၈၂၂၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် ဓိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၂၈၄၅ ဦးကို ခွဲစိတ်မွေးဖွား ပေးနိုင်ခဲ့ကာ ဦးရေ ၄၃၆၀ ကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ်၇၂၀၅ ဦးကိုအောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

**စီမံဆောင်ရွက်ပေး**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဧပြီ ၃

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ် ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သောဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကုန်းကြမ်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း ကုန်းကြမ်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ညံ့ခွမ်းကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာသို့ အရောက်၌ မုံးစီးကျေးရွာဘက်မှ ညံ့ခွမ်းကျေးရွာဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားပြီး ၎င်းဆိုင်ကယ်ပေါ်မှ အထုပ်တစ်ထုပ်ပြုတ်ကျခဲ့သဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူမှုန့်များထည့်ထားသည့် ဆပ်ပြာခွက် ၁၁ ခွက်၊ ၁၁၀ ဂရမ်ခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ သိန်းကျော်)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို လောက်ကိုင်မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရန်ကုန်မြို့တွင်း ပြန်လည်တည်ငြိမ်အေးချမ်း လာပြီဖြစ်၍ စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေး၊ Shopping Mall၊ Plaza များ၊ အိမ်ဆိုင်များမှာ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် ပြန်လည် စည်ကားလျက်ရှိရာ လှိုင်သာယာမြို့နယ် ပင်လုံဈေးတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်လျက်ရှိသည်ကို မြင်တွေ့ရစဉ်။

သတင်းစဉ်

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

နေပြည်တော် ဧပြီ ၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၉ စီး၊ သွင်းကုန် ၇၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၀၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၂၀ သန်း၊ စုစုပေါင်း ဖမ်းဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၂၀ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁-၄-၂၀၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် ရေပူစခန်းအနီးတစ်ဝိုက်ရှိ ရှောင်ကွင်းလမ်းများသို့ သွားရောက်ရှာဖွေစစ်ဆေးရာ ရှောင်ကွင်းလမ်းအတွင်း၌ စုပုံထားသော တရားမဝင်သယ်ဆောင်လာသည့် MODE စိုက်ပျိုးရေးဆေးမှုန့် (1 x 15 kg) (40 Bags) C/O China နှင့် ကလေးစက်ဘီး( 1 x 2 Pcs x 10 P kgs) 20 Pcs C/O China ၊ စုစုပေါင်းနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၀၀ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သန်း ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၁ ဒသမ ၇၆ သန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက် နံနက် ၁၁ နာရီတွင် ငဖဲမြို့နယ် ပဒါန်း (ပျဉ်းဝ)ကျေးရွာပူးပေါင်း စစ်ဆေးရေးဂိတ်တွင် မောင်မောင်ချေ (၃၀ နှစ်)၊ မောင်းနှင်ပြီး နေဝင်း (၁၉ နှစ်) လိုက်ပါလာသည့် CAN-TER ခြောက်ဘီး မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်ကြမ်းခင်းအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် ငွေကျပ် ၅ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးချက်များအရ စိတ်ကြွရူးသွပ် ဆေးပြားများ တာဝန်ခံ သယ်ဆောင်လာသူ ဆန်းလွင်မှာ BOON အမျိုးအစား မော်တော်ယာဉ်ဖြင့် ရှေ့မှထွက်ခွာသွားကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးရာ မွန်းလွဲ ၁ နာရီခန့်တွင် ဆန်းလွင်(၃၉နှစ်)၊ စိုးနိုင်(၅၂နှစ်)၊ ထွန်းအေး(၄၆နှစ်)၊ အောင်သိန်းထွန်း (ခ) အခင်ချေ (၄၅နှစ်)တို့အား အမ်းမြို့နယ် ကံမြင့်ကန်စစ်ဆေးရေး ဂိတ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်တောင်ပိုင်းမှ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား





## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံ ငါးထပ်ဆောင်အဆောက်အအုံ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ မုံရွာမြို့ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံ ငါးထပ်ဆောင် အဆောက်အအုံ အချိန်မီပြီးစီးရေးအတွက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံ ငါးထပ်ဆောင် အဆောက်အအုံအချိန်မီပြီးစီးရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အထူးအလေးထား ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သောပံ့ပိုးမှုများကို မိမိတို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်ချက်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး (မြန်/ဆက်)

## ဇန်းမော်မြို့တွင် ကိုဗစ် - ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်မံထိုးပေး

ဇန်းမော် ဧပြီ ၃

ကချင်ပြည်နယ် ဇန်းမော်မြို့တွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပထမအကြိမ် ထိုးပေးထားပြီးဖြစ်ရာ အဆိုပါ ပထမအကြိမ်ဆေးထိုးပြီးသူများ အား ဒုတိယအကြိမ် ကာကွယ်ဆေးများကို ဇန်းမော် ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန၌ ဧပြီ ၂ ရက်မှစ၍ ထိုးပေးလျက်ရှိကြောင်း သိရသည်။

ဇန်းမော်မြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုကို မတ် ၅ ရက်မှ မတ် ၃၀ ရက်အထိ ဆောင်ရွက်ပေးခဲ့ပြီး ယင်းပထမအကြိမ်တွင် လူဦးရေ စုစုပေါင်း ၅၆၂၀ အား စုရပ်အသီးသီးခွဲ၍ အမှတ်(၁၁) စစ်မြေပြင် ဆေးတပ်ရင်းမှ ဗိုလ်မှူးထက်ဘုန်းအောင်နှင့်အဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီအသင်းဝင်များက ကာကွယ်ဆေးများ ထိုးပေးခဲ့ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးပြီး သူများအား ရက်သတ္တလေးပတ်ခြား၍ ဧပြီ ၂ ရက်မှစတင်ကာ ဒုတိယအကြိမ် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးနေခြင်းဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးပေးရာတွင် ကျန်းမာရေး စစ်ဆေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်းများ ပြုလုပ်ပေးပြီးနောက် ပုံမှန်အခြေအနေရှိသူများကိုသာ ဆေးထိုးပေးကြောင်း သိရသည်။

ခရိုင်

(မြန်/ဆက်)

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲသို့ တက်ရောက်

မြစ်ကြီးနား ဧပြီ ၃

ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းအတွင်းရှိ ဆမားဒုဝါဆင်ဝါးနော်ခန်းမ၌ ပြုလုပ်သည်။

### ဝန်ထမ်းအချင်းချင်း အားပေးကူညီ

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မီးသတ်ဦးစီးဌာနအနေဖြင့် ယခုလို နိုင်ငံ့ဝန်ထမ်းအချင်းချင်း အားပေးကူညီပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပေးခြင်း၊ မီးငြိမ်းသတ်သရုပ်ပြခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများ၏ အိုးအိမ်စည်းစိမ်ကာကွယ် စောင့်ရှောက်ရေး သဘာဝဘေးဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ရသူများဖြစ်ပါကြောင်း၊ ထို့ကြောင့် မီးတပ်တပ်ဖွဲ့ဝင်များအနေဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် အကောင်းဆုံးကြိုးစားထမ်းဆောင်သွားကြရန် လိုအပ်ကြောင်းနှင့် မိမိတို့ကောင်စီအဖွဲ့အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် မီးသတ်ဆေးဘူးများထောက်ပံ့ပေးအပ်ပြီးပြည်နယ်ကောင်စီအဖွဲ့ဝင်များက ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် မီးသတ်ဆေးဘူးများကို ထောက်ပံ့ပေးအပ်ကြသည်။

### အသိပညာပေး ဟောပြောဆွေးနွေး

ယင်းနောက် ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးက မီးသတ်ဦးစီးဌာန၏ ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်ဆေးဘူးကို အသုံးပြုမီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို အရေးပေါ်ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြကြရာ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက လက်တွေ့ငြိမ်းသတ်ပြသကြောင်း သိရသည်။

ပြည်နယ်(မြန်/ဆက်)



ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန် ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## သုံးခွမြို့ပေါ် ရပ်ကွက်များသို့ သုံးရေနှင့် သောက်ရေများကို စက်ရေတွင်းများမှ ဖြန့်ဝေပေးမည်

သုံးခွ ဧပြီ ၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့သည် မြေအောက်ရေချို ရရှိမှုမရှိသဖြင့် မြေသား သောက်သုံးရေကန်များကိုသာ အားကိုးအားထားပြုနေရပြီး နှစ်စဉ် မိုးမကျမီသောက်သုံးရေ ပြတ်လပ်သည့် အခက်အခဲကို ရင်ဆိုင်ကြုံတွေ့နေရသည်။

ပြီးခဲ့သော ၂၀၂၀ မိုးရာသီကာလအတွင်းက မိုးရွာသွန်းမှု နည်းပါးသဖြင့် ရေကန်များသို့ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျခဲ့သလို ယခု နွေရာသီတွင် အပူချိန်မြင့်တက်လာခြင်းကြောင့် သောက်သုံးရေကန်များတွင် ရေခန်းခြောက်လာခြင်းဖြစ်ကာ မြို့နယ်အတွင်း လူဦးရေတိုးလာခြင်းကြောင့် သောက်သုံးရေသုံးစွဲသူများပြားလာပြီး ရေလိုအပ်ချက်မှာလည်း ပို၍များလာကြောင်း၊ မြို့ပေါ်ရပ်ကွက် ၁၂ ခုမှ နေအိမ်များသို့ ရေပေးဝေသည့် ရေကန်များမှ ရေပေးပိုက်လိုင်းဖြင့် ရေပေးဝေခြင်းမှာ ဧပြီလဆန်းပိုင်းတွင် ရက်အနည်းငယ်သာပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့ပေါ်၌ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကန်ပေါင်း ၅၇ ကန်ရှိပြီး မြို့ရေပေးဝေရေး ကန်လေးကန်နှင့် ရေကူကန် ငါးကန်ဖြင့် ရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။ ပြည်သူများ သုံးရေ အခက်အခဲ မဖြစ်ပေါ်စေရေးအတွက် ရေပေးဝေရေးကန်များတွင် ရေကုန်ပါက အမှတ် (၅)ရပ်ကွက်ရှိ ရှစ်လက်မပိုက် စက်ရေတွင်း သုံးတွင်းအပြင် ယခု ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း တူးဖော်ခဲ့သော ခြောက်လက်မပိုက် စက်ရေတွင်းနှစ်တွင်း စုစုပေါင်း စက်ရေတွင်း ငါးတွင်းမှ သုံးရေများကို ပိုက်လိုင်းဖြင့် ဖြန့်ဝေပေးမည်ဟု သိရသည်။

ထို့အပြင် သောက်ရေ ပြတ်လပ်မှု မရှိစေရေးအတွက်လည်း ကံမြင့်ကျေးရွာရှိ တူးဖော်ထားသော ခြောက်လက်မပိုက် စက်ရေတွင်းမှရေကို မြို့ပေါ်ရပ်ကွက်များသို့ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်ဖြန့်ဝေပေးမည် ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန် ရှိသူတစ်ဦးက ဧပြီ ၂ ရက်တွင် ပြောကြားချက်အရ သိရသည်။

ကိုကျော်(သုံးခွ)

## ကန့်ဘလူ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်

ကန့်ဘလူ ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရေးဆွဲနည်း သင်တန်းကို ယမန်နေ့က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ယခုဘဏ္ဍာနှစ်တွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ၁၅ ရွာ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာစီမံကိန်း ကော်မတီဝင်များကို ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ သင်တန်းများပို့ချပြီးကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲ၍ လုပ်ငန်းများကို မေလကုန်အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဟန်ထွန်းအောင်ထံမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှ ယနေ့အထိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲပြီး ကျေးရွာ ၃၄ ရွာ၊ ကျေးရွာတွင်း ဂျင်းလမ်းခင်းခြင်းလုပ်ငန်း ၁၁ ခု၊ ကျောက်ချောလမ်း ၁၂ လမ်း၊ ကွန်ကရစ်လမ်း တစ်လမ်း၊ ရေရရှိရေးလုပ်ငန်း သုံးခု၊ မီးလင်းရေးလုပ်ငန်း ငါးခုတို့ကို ဆောင်ရွက်ပြီးစီးကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် လမ်းလုပ်ငန်း ၁၄ ရွာ၊ ရေရရှိရေးလုပ်ငန်း တစ်ရွာစသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများအား ဌာနမှ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီနှင့် ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင် ငလိုက်ဆည်၊ ပေါင်းလောင်းရေလှောင်တမံနှင့် ရေဆင်းဆည်များအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ငလိုက်ဆည်၊ ပေါင်းလောင်း ရေလှောင်တမံနှင့် ရေဆင်း ဆည်များအတွင်း ရေလက်ကျန်အခြေအနေ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဖေယျာလင်း၊ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလိုက်ဆည် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ငလိုက်ဆည်အတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများ၊ ရေပိုလွှဲပြုပြင်တည်ဆောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော်အဝင် ပန်းတင် စစ်ဆေးရေးဂိတ်သို့သွားရောက်၍ လုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိရာ နေပြည်တော်ဆည်မြောင်းတည်ဆောက်ရေး(၅)မှညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ပေါင်းလောင်းတမံတည်ဆောက်ထားမှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်နိုင်မှု၊ စိုက်ပျိုးရေ ပေးဝေနေမှုအခြေအနေများနှင့် မြို့ပြရေပေးဝေရေးလုပ်ငန်းအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရေဆင်းဆည်သို့ သွားရောက်စစ်ဆေးရာ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ဆည်အတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်မှာကြားပြီး ဆည်အတွင်း ရေလက်ကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရွှေကုဋ္ဌိ

## မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများဖြန့်ဝေ

နေပြည်တော် ဧပြီ ၃

မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် သောက်သုံးရေ လိုအပ်လျက်ရှိသော သာသနိကကျောင်းများ၊ ရပ်ကွက်/ ကျေးရွာများနှင့် နေရပ်စွန့်ခွာ စခန်းများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို နေ့စဉ် ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ ဖြန့်ဝေလှူဒါန်းရာ ဧပြီ ၁ ရက်က မွန်ပြည်နယ် ချောင်းဆုံမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာရှိ "ဘုရားကျောင်း" ဘုန်းတော်ကြီးကျောင်းတိုက်သို့ သောက်သုံးရေ ဂါလန် ၁၆၀၀ ခန့်ကို မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ စက်ရုံစုရပ်ကွက် အောင်သီရိဘုန်းတော်ကြီးကျောင်း(နေရပ်စွန့်ခွာစခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်ကို မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် နှစ်ကြိမ်သွားရောက်၍ လည်းကောင်း သောက်သုံးရေများ ပေးဝေလှူဒါန်းကြောင်း သိရသည်။

အောင်မျိုး

## ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corportation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် Geotechnical Survey လုပ်ငန်းများအား Survey Vessel MV. FUGRO MARINER ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၁.၆၃၄၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅.၂၃၆၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၈၅၅၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၁၆၅၇၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၇၀၅၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၀၉၇၄၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၁၉.၂၀၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၆.၄၂၅၁၃ စက္ကန့်တို့တွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် Geotechnical Survey လုပ်ငန်းများအား Survey Vessel MV. FUGRO MARINER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ Survey တိုင်းတာမည့်တည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## မောင်တောမြို့၌ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေး

မောင်တော ဧပြီ ၃

ရခိုင်ပြည်နယ် မောင်တောမြို့၌ အသက် နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို ဧပြီ ၁ ရက်မှစတင်ကာ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စုရပ်အသီးသီး၌ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆေးထိုး ဆေးတိုက်ခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် လာရောက်ထိုးနှံကြသည့် မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေခြင်း၊ စနစ်တကျ လက်ဆေးစေခြင်းများ ဆောင်ရွက်စေပြီး ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စုရပ်အသီးသီးသို့ ကွင်းဆင်း၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးများအား အဆုတ်ရောဂါကာကွယ်ဆေး၊ငါးမျိုးစပ်(ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်) ကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

ကာကွယ်ဆေးများကို မြို့နယ်အတွင်းရှိ စုရပ်အသီးသီး၌ ဧပြီ ၁ ရက်မှ ၅ ရက်အထိ အလှည့်ကျစနစ်ဖြင့် ထိုးနှံတိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကြို့ပင်ကောက်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်သွားမည်

ကြို့ပင်ကောက် ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်သည့် ဌာနဆိုင်ရာများက အရှိန်မြှင့် ဆောင်ရွက်သွားကြရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က မတ် ၃၁ ရက်က ပြုလုပ်သော အစည်းအဝေးတွင် ပြောကြားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကြို့ပင်ကောက်မြို့ပေါ် ရပ်ကွက် ၁၀ ခုအတွင်း၌ ကတ္တရာလမ်း သုံးလမ်း၊ ကွန်ကရစ်လမ်း ငါးလမ်း၊ ကျောက်ချောလမ်း လေးလမ်း ခင်းခြင်းလုပ်ငန်းများ၊ အုတ်ခုံခံ သံကူကွန်ကရစ်တံတား ကိုးစင်း တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ကွန်ကရစ် ရေမြောင်းနှစ်ခု တူးဖော်တည်ဆောက်ခြင်း လုပ်ငန်းများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဟန်ရှိန်က ပြောသည်။

အဆိုပါ လုပ်ငန်းများအနက် ပန်းတင်ရပ်ကွက် ဥယျာဉ်လမ်း အတွင်း ကောင်းခန့်ချိုကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည် ပေ ၁၀၀၀၊ အကျယ် ၁ ပေ ၆ လက်မ၊ အနက် ၁ ပေ ၆ လက်မရှိ ကွန်ကရစ်ရေမြောင်း တူးဖော်ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဟန်ရှိန်၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဖေယျာထွန်း(ပြန်/ဆက်)

## အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ



လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေး တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကိုထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဧပြီ ၃

ဆူပူအကြမ်းဖက်သူများအနေဖြင့် အကြမ်းဖက် လုပ်ရပ်များအား အဖွဲ့ငယ်များခွဲ၍ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင်အဆောက်အဦများ၊ သာမန်ပြည်သူများ၏ နေအိမ်အဆောက်အဦများအား လက်လုပ်မိုင်း၊ မီးပုလင်းဖြင့်ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။



သထုံမြို့ နန်းခဲရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မီးပုလင်းဖြင့်ပစ်ပေါက်မီးရှို့ထားမှုကို တွေ့ရစဉ်။

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာတွင် ယနေ့နံနက် ၅ နာရီ ၁၀ မိနစ်အချိန်တွင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ မန္တလေး- မိုးကုတ်ကားလမ်းဘေးရှိ ဦးမောင်ငယ်ပိုင်ဆိုင်သော “Golden Point” လက်ဖက်ရည်ဆိုင်အား အမျိုးသားနှစ်ဦးမှ ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာပြီး လက်လုပ်မိုင်းနှစ်လုံး၊ ဓာတ်ဆီပုလင်းတစ်လုံးအား မီးရှို့ပစ်ပေါက်၍ လည်းကောင်း၊ နံနက် ၈ နာရီခွဲအချိန်တွင် သထုံမြို့ နန်းခဲရပ်ကွက် ဘူတာလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး မီးပုလင်းနှစ်လုံးဖြင့် လည်းကောင်း မီးရှို့ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရပြီး ထိုသို့ပစ်ပေါက်မှုများကြောင့် လူ၊ အဆောက်အဦများ ထိခိုက်ပျက်စီးမှုများ မရှိကြောင်း သိရသည်။

အလားတူ နေ့လယ် ၁၁ နာရီ ၄၅ မိနစ်အချိန်တွင် ကျောက်ကြီးမြို့နယ် ရန်မျိုးအောင်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာသွား ကားလမ်းရှိ အရှည်ပေ ၈၀၊ အကျယ် ၁၅ ပေခန့်ရှိခရမြောင်ကွန်ကရစ်တံတားချဉ်းကပ်လမ်းအနီးတွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တံတား၏ ဝဲဘက်ခြမ်းထိပ်နတ်သံကွင်းအဆင်းလမ်း၌ ကွန်ကရစ်လမ်းခြောက်ပေခန့် ပျက်စီးသွားခဲ့ပြီး အဆိုပါတံတားပေါ်မှ ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။


အထက်ပါ ဖြစ်စဉ်များအတွင်း အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြားရှိ ရထားသံလမ်းမူလီများအားဆူပူအကြမ်းဖက်သူများက ဖျက်ဆီး

နေပြည်တော် ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မြေနီကုန်းကျေးရွာအုပ်စု ညောင်လှကျေးရွာအနီး ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြားရှိ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် မီးရထားသံလမ်းမူလီများ ဖြုတ်ထားကြောင်း တာဝန်သိပြည်သူတစ်ဦးက သတင်းပေးပို့ခဲ့သဖြင့် ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ ရထားလမ်း မိုင်တိုင်အမှတ် ၂၈၉/၅ ၊ ၂၈၉/၆ အကြားတွင် ရန်ကုန်-မန္တလေး အစုန်လမ်းပိုင်း အရှည် တစ်ပေခွဲခန့်ရှိ သံလမ်းဆက်ဂျိုင်းဆက်ပတ္တာမူလီချောင်းများကို ဖြုတ်၍ ရထားလမ်းနှင့် ပေတစ်ရာခန့်အကွာရှိ ကန္တာရအပင်များအကြားတွင် လွှင့်ပစ်ထားသည်ကို တွေ့ရှိရသဖြင့် မီးရထားသံလမ်းစစ်က ပြန်လည်တပ်ဆင်ပေးခဲ့သည်။



ရထားသံလမ်းဂျိုင်းဆက်ပတ္တာမူလီဖြုတ်ထားမှုကို တွေ့ရစဉ်။

ထိုသို့ အများပြည်သူများ၏ အသက်အန္တရာယ်ဖြစ်ပွားစေနိုင်သည်အထိ ဆောင်ရွက်ခဲ့သော အကြမ်းဖက်သူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမြန်ဆုံး စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တို့၌ မီးလောင်မှုများ ဖြစ်ပွား

နေပြည်တော် ဧပြီ ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက်၊ ဝါးတစ်ရာ စက်မှုဇုန် သိမ်ချောင်းလမ်းရှိ MYANMAR ZXL အဝတ်လျှော်စက် စက်ရုံ၌ ယနေ့နံနက် ၂ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၂၀ ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အမှတ်(၃၃) အခြေခံပညာအထက်တန်းကျောင်း၌ (အောက်ပုံ) ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်ရသည့် အကြောင်းအရင်းအား အမြန်ဆုံးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။သတင်းစဉ်



## မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်များအတွင်း မူးယစ်ဆေးဝါးသယ်ဆောင်လာသူများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်း ကဏန်းရုပ်တုလမ်းဆုံအနီး၌ မသင်္ကာဖွယ်ရာ အမျိုးသားသုံးဦး တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ သိန်းအောင်ကျော် (ဘ)ဦးသာထွန်း၊ ထွန်းထွန်းဝင်း(ဘ)ဦးမောင်လှညွန့်နှင့် မျိုးဝင်း(ဘ)ဦးကိုစောယဉ်တို့အား မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထွက်ဆိုချက်အရ ယနေ့နံနက် ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိတ်တောင်ကျေးရွာအုပ်စု ချမ်းမြေ့သာယာရပ်ကွက်ရှိမောင်မောင်(ဘ)ဦးကျော်စွာအောင်နေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ ၎င်းအား WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ကျော်) အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အဝိုင်းပတ်လမ်းဆုံ၌ လုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးဆောင်ရွက်စဉ် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်ဘက်မှ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တစ်စီးအား စစ်ဆေးရန်ရပ်တန့်နိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ပိတောက်ရပ်ကွက် မြို့နယ်စီမံအုပ်ချုပ်ရေးရုံးရှေ့၌ ဖိုး၀(ခ) ညီညီဇော်(ဘ)ဦးကျော်ညွန့် အား WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူနှစ်ဦးကို တွေ့ရစဉ်။


# ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ ရတနာရံသီမဟာရွှေစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၇၅)နှစ်၊ သိက္ခာတော် (၅၄)ဝါအရ ၁၃၈၂ -ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ (၂-၄-၂၀၂၁)။ သောကြာနေ့၊ နံနက် ၀၀:၁၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်ရတနာရံသီမဟာရွှေစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဇီးတောကြီးစံပြကျေးရွာ၊ ခမည်းတော် ဦးမဲ၊ မယ်တော် ဒေါ်မယ်မေတို့မှ ၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် (စနေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၂၁ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက် ဇီးတောကြီးစံပြကျေးရွာ ဆရာတော် ဘဒ္ဒန္တနန္ဒ ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်တွင် ဇီးတောကြီးစံပြကျေးရွာ ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ ဦးသာပု + ဒေါ်သဲနုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဘုတလင်မြို့နယ်၊ ဇီးတောကြီးစံပြကျေးရွာ၊ သာသနရံသီကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒ၊ မန္တလေးမြို့ တောင်သမန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောက၊ ညောင်ရမ်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ၊ မိုးတားကျောင်းဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တကေလာသာဘိဝံသတို့ထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၉၈၆ မှ ၁၉၉၅ ခုနှစ် အထိ နိုင်ငံတော်ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၆ မှ ၂၀၀၉ ခုနှစ် အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၆ - ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသောကြောင့် အများပြည်သူ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ဆရာတော်ကြီးအား ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရက **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၇၅)နှစ်၊ သိက္ခာတော် (၅၄)ဝါအရ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ (၂-၄-၂၀၂၁) ၊ သောကြာနေ့ နံနက် ၀၀:၁၅ နာရီ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၃

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါအရ ၁၃၈၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊(၂-၄-၂၀၂၁)၊သောကြာနေ့၊ နံနက် ၁၁:၂၀ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် (၁၀)ရပ်ကွက်၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တောင်ပိုကြီးကျေးရွာ ခမည်းတော် ဦးကြာငြိမ်း၊ မယ်တော် ဒေါ် စိန်ဆင့်တို့မှ ၁၂၉၆ -ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၀၈-ခုနှစ်တွင် စလင်းမြို့နယ်၊ ကျူပင်းကျေးရွာ၊ ကျူပင်းမြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၆-ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် ကျူပင်းကျေးရွာ၊ ကျူပင်းမြောက်ကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တနရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ဦးဖိုးခ+ဒေါ်သေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် စလင်းမြို့နယ်၊ ကျူပင်းကျေးရွာ၊ ကျူပင်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် စာချဆရာတော်များ၊ ဆင်ဖြူကျွန်းမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ ခင်မကန်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိမာဘိဝံသနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တဇောတိက၊ ဘဒ္ဒန္တဉာဏိန္ဒနှင့် စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်/အကျိုးတော်ဆောင် /ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ချောက်မြို့နယ်လုံးဆိုင်ရာ သာသနာ့ဝေပုလ္လစွမ်းလောင်းအသင်းကြီးနှင့် မဟာအေးစေတီဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယ၊ ပါဠိပထမပြန်စာမေးပွဲသြဝါဒါစရိယ၊ ၂၀၁၆ - ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဠနဂုဏ်၊ ရဋ္ဌညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆောကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဆရာတော်ကြီးအား ၂၀၁၇ - ခုနှစ်တွင် နိုင်ငံတော်အစိုးရက **"အဘိဓဇမဟာရဋ္ဌဂုရု "** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၇)နှစ်၊သိက္ခာတော် (၆၇)ဝါအရ ၁၃၈၂-ခုနှစ်၊တပေါင်းလပြည့်ကျော် ၆ ရက်၊ (၂-၄-၂၀၂၁) ၊ သောကြာနေ့ နံနက် ၁၁:၂၀ နာရီ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## မိုင်းယုမြို့၌ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆွမ်းစားဆောင်အတွက် အလှူငွေများ လှူဒါန်း

မိုင်းယု ဧပြီ ၃

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယုမြို့တွင် မြို့မရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်အတွင်း နှစ်ထပ်ဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ပြည်သူများ ဧပြီ ၁ ရက်က အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မိုင်းယုမြို့မရပ်ကွက် ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ သီတင်းသုံးတော်မူသည့် ကျောင်းတိုက်အတွင်း သံဃာတော်များနှင့် ရှင်သာမဏေများမှာ နေ့စဉ် လွယ်လင့်တကူ ဆွမ်းဘုဉ်းပေးနိုင်ရန် အတွက် သီးသန့် ဆွမ်းစားဆောင်ဆောက်လုပ်လျက်ရှိရာ ယင်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးကိုကိုနိုင်နှင့် ဇနီး (ရွှေနမ့်လွေမိသားစု)တို့က အလှူတော်ငွေကျပ် သိန်း ၂၀ နှင့် ဒေသခံပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ပြည်သူများက သံ၊ ကျောက်၊ ဘိလပ်မြေအိတ်များနှင့် သဒ္ဓါတရားတပ်အားသမျှ အလှူငွေများစသည်တို့ကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်က လက်ခံယူပြီး သြဝါဒစကားများ ပြန်လည် မိန့်ကြားတော်မူကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

## မယ်စဲ့မြို့နယ်တွင် ပြည်သူများလက်ဝယ်သို့ မြို့မြေငှားဂရန်များပေးအပ်


မယ်စဲ့ ဧပြီ ၃

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရေးအတွက် မြို့မြေငှားဂရန်များ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘော်လခဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်တို့မှ မြေငှားဂရန်ရရှိသူ ၃၅ ဦးတို့အား ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ပြီးနောက် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၂၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## ရန်ကုန်မြို့အတွင်း လမ်းပိတ်အတားအဆီးများအား ဆက်လက်ဖယ်ရှားရှင်းလင်း

ရန်ကုန် မေ ၃

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလာသည့် လမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာ ဝန်ထမ်းများ ပူးပေါင်း၍ ယနေ့တွင် ဖယ်ရှားရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းမှစ၍ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းတစ်လျှောက်ရှိ တာယာမီးရှို့အမှိုက်များနှင့် သဲအိတ်များကို လည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းသစ်ပေါ်ရှိ စွန့်ပစ်ထားသော တာယာအဟောင်းများကို လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လှော်ကားလမ်း (မောင်းမကန်လမ်းမှ ပုဂံလမ်းအထိ)၊ ပုဂံလမ်းတစ်လျှောက်နှင့် အမှတ် (၅၅) ၊ (၅၆) ရပ်ကွက်အတွင်းလမ်းတွင် ပိတ်ဆို့ထားသော ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များကို လည်းကောင်း၊ အင်းစိန်မြို့နယ် ပေါက်တောဝမ်းဗြိုင်၊ က-၄ လမ်းထိပ်၊ က-၇ လမ်းထိပ်၊ ရာကျော်လမ်း၊ ပုလဲလမ်း၊ အောက်မင်္ဂလာဒုံလမ်းတို့မှ မီးရှို့အမှိုက်ပုံ၊ အုတ်ဖိနပ်အပျက်၊ အုတ်ခဲကျိုး၊ တာယာအဟောင်းများကို လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်သုမောလမ်းတစ်လျှောက်မှ တာယာအဟောင်းများကို လည်းကောင်း၊ သာကေတမြို့နယ် (၇/အရှေ့)ရပ်ကွက် အောင်သပြေလမ်းနှင့် မှော်ရုံလမ်း၊ ရွှေခင်းသာမြို့ပတ်လမ်း အောင်သဗ္ဗာ(၃)လမ်းထိပ်တို့မှ တာယာအဟောင်းများကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်)ရပ်ကွက် ကမ်းနားလမ်း (သရက်တော ၂ လမ်းမှ ၅ လမ်းအထိ) အမှိုက်များ၊ ပုလင်းကွဲများ၊ ကမ်းနားလမ်း၊ အထက်ကြည့်မြင်တိုင်လမ်း၊ အောက်ကြည့်မြင်တိုင်လမ်းတစ်လျှောက် တာယာအဟောင်းများ၊ အင်းစိန်လမ်း၊ ကွမ်းခြံတန်းလမ်း၊ ပန်းပင်ကြီးလမ်း၊ နတ်စင်လမ်း၊ ဦးကြွယ်ဟိုးလမ်း၊ ကျောင်းကြီးလမ်းတို့မှ ကျောက်ပြားများ၊ တာယာမီးရှို့အမှိုက်များကို လည်းကောင်း ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြု၍ သိမ်းဆည်း၊ ဖယ်ရှား၊ ရှင်းလင်းခဲ့ကြောင်းနှင့် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ကျွန်စစ်သားလမ်းတို့မှ သဲ၊ ခဲနှင့် အမှိုက်များကိုလည်း ရှင်းလင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၃

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၃၇ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (အောက်ပုံ)

သတင်းစဉ်



# နေ့စဉ် သတင်းမှန်၊ အပြစ်မှန်၊ တကယ်အချက်အလက်မှန်များကို

# မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
Established in 1957

The Global New Light of Myanmar

# ဖတ်ရှုနိုင်ပါပြီ။




## ဆက်သွယ် မှာယူနိုင်ပါသည် -

**မြန်မာ့အလင်း** 01 – 9544 317, 09 – 4480 422 14

**ကြေးမုံ** 01 – 8292 830, 09 – 4500 255 70

**The Global New Light of Myanmar**
01 – 8604 532, 09 – 9839 249 91

# မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းရှိ တံတားအမှတ် (၄၀၅) သံချောင်းတံတားကို သောင်းကျန်းသူ(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကို ပြန်လည်ပြုပြင်ပြီးစီး

နေပြည်တော် ဧပြီ ၃

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း ဘုံချောင်းနှင့် မဲဇာဘူတာအကြား မိုင်တိုင်အမှတ် (၅၇၁/၀-၁)ရှိ တံတားအမှတ် (၄၀၅) သံချောင်းတံတားကို မတ် ၁၂ ရက် ည ၁ နာရီခွဲတွင် သောင်းကျန်းသူ (စိစစ်ဆဲ) အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ မြစ်ကြီးနားဘက်ခြမ်း ကမ်းကပ်ခုံနှင့်ကပ်လျက်ရှိသော ရေလယ်တိုင်အမှတ်(၂) ပျက်စီးသွားခဲ့ရာ ယခုအခါ ပြန်လည်ပြုပြင်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများသည် နေပြည်တော်မှ မတ် ၁၄ ရက်တွင် တံတားပြုပြင်ရန် လိုအပ်သော ပစ္စည်းကိရိယာများ စုဆောင်းပံ့ပိုးနိုင်ရေး ရွာထောင်တွင်အခြေပြု၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း။

ရွာထောင်မှ တာဝန်ခံအင်ဂျင်နီယာမှူးဦးစီး၍ တံတားအဖွဲ့လုပ်သားများ၊ အငယ်တန်းအင်ဂျင်နီယာ(၁) ကောလင်းဦးစီး၍ သံလမ်းလုပ်သားများ။ ပြင်ပလုပ်သားများသည် မတ် ၁၅ ရက်မှ ၂၄ ရက်အတွင်း အခက်အခဲများကြားမှ လုပ်ငန်းဆောင်ရွက်မှု ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် တံတားအမှတ်(၄၀၅)ကို ယာယီပြုပြင်ခြင်းလုပ်ငန်းများအားလုံး မတ် ၂၅ ရက်တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အစုန်/အဆန်ရထားများ လုံခြုံစိတ်ချစွာ ဖြတ်သန်းမောင်းနှင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❐


မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းရှိ တံတားအမှတ် (၄၀၅) သံချောင်းတံတား ယာယီပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၁၁)ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှု လေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) လေ့ကျင့်ခန်းဧရိယာ(၁)
- (၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

စာမျက်နှာ ၁၁ ကော်လံ ၄ ◆

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်
စာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်တို့၌ မီးလောင်မှုများ ဖြစ်ပွား
စာ ၂၇

## အိမ်ကွင်း၌ စွမ်းဆောင်ရည်ကျဆင်းတတ်သည့် မန်ယူ ဘရိုက်တန်ကို အနိုင်ယူသွားနိုင်မလား



ပရီမီယာလိဂ်ပွဲစဉ် (၃၀) အဖြစ် မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို ဧပြီ ၅ ရက် နံနက် အစောပိုင်းတွင် မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ၂၉ ပွဲကစားပြီး ၅၇ မှတ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်းတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ ဘရိုက်တန်အသင်းက ၂၉ ပွဲကစားပြီး ၃၂ မှတ်ဖြင့် တန်းဆင်းဇုန်အထက်နားတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။

မန်ယူအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် လက်စတာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❍

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဧပြီ ၃

ယနေ့ညနေ ၆ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ဧပြီ ၃ ရက်မှ ၇ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၅ ❖

